ရောင်လမ်း

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

မကောင်းမှုကို ရှောင်ကြဉ်

အဖော်နည်းသော မျှားသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၇၈ ခုနှစ် နတ်တော်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 December 2016 (စ၇၇)

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့အမျိုးသမီးများညီလာခံသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြား

ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများ တိုးတက်မြင့်တင်ရေးဆောင်ရွက်ရာတွင် ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ကဏ္ဍများ၌ ရရှိခဲ့သော တိုးတက်မှုများကို အလေးထားပြောကြား။

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့အမျိုးသမီးများညီလာခံ World Assembly for Women: WAW! 2016 သို့ ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း သိရှိရသည်။

အဆိုပါညီလာခံအား ကမ္ဘာတစ်ဝန်းရှိ လူမှုအဖွဲ့အစည်းများနှင့် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍမြှင့်တင်ရေး ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဦးဆောင်ကြီးမှူး၍ ကျင်းပခြင်းဖြစ်သည်။

ယင်းဗီဒီယိုမိန့်ခွန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများ တိုးတက်မြင့်တင်ရေးဆောင်ရွက်ရာတွင် ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ကဏ္ဍများ၌ ရရှိခဲ့သော တိုးတက်မှုများကို အလေးထားပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုးတက်မှုများကို အသိအမှတ်ပြုသော်လည်း ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အခကြေးငွေမရသော အလုပ်များ၊ ဆုံးဖြတ်ချက်ချသည့်အဆင့်တွင် အမျိုးသမီးကိုယ်စားပြုမှုနည်းပါးမှုနှင့် စီးပွားရေးအရင်းအမြစ်များ မျှတစွာ ရယူသုံးစွဲနိုင်ခြင်းမရှိမှုတို့ကိုလည်း မီးမောင်းထိုး ပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညီလာခံသို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများအား စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကြရာတွင် လုပ်ရိုးလုပ်စဉ်နှင့် သမားရိုးကျ အတွေးအခေါ်များကို ကျော်လွန်စဉ်းစားကြရန်နှင့် ဖန်တီးတီထွင်၍ အထောက်အထားကို အခြေခံသော ဖြေရှင်းနည်းများ ရှာဖွေကြရန် အားပေးတိုက်တွန်းခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လူမှုအသိုက်အဝန်းအတွင်း အမျိုးသမီးများ ပါဝင်မှုမြှင့်တင်ရန် "a society where women shine" ဟူသော အတွေးအခေါ်ကို မိတ်ဆက်တင်ပြခဲ့ပြီးနောက်ပိုင်းတွင် ဂျပန်နိုင်ငံအစိုးရသည် WAW ညီလာခံကို နှစ်စဉ်ကျင်းပကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကော်မရှင်အဖွဲ့ဝင်များ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆက်လက်ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ယနေ့ဆက်လက် ကွင်းဆင်းစစ်ဆေးကြသည်။ ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်ပြီး မောင်တောဒေသအတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် အမှုဖွင့်အရေးယူ စစ်ဆေးခံနေရသူအချို့နှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ အောက်တိုဘာ ၉ ရက် ကိုးတန်ကောက်စခန်း အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်နေရာအား ကြည့်ရှုစဉ်။ သူရဇော်(သတင်းစဉ်)

KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာဇဝါဏ်

တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး အတူလက်တွဲပါဝင်ဆောင်ရွက်

မကြာသေးမီကာလက မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်များကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန်နှင့် ဒေသပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သည့်အဖွဲ့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်နေသကဲ့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရ၊ ကျဆုံးမှုများရှိခဲ့သည့်အပြင် လက်နက်များပါ လုယက်ယူဆောင်ခြင်းခံခဲ့ရသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့ကလည်း တပ်မတော်စစ်ကြောင်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အင်အား ၅၀၀ ခန့်က လက်နက်ငယ်များ၊ ဓား၊ လုံ၊ မှိန်းများကိုင်ဆောင်၍ ဝိုင်းဝန်းစတင်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဖြစ်စဉ်တွင် တပ်မတော်မှ ယာယီတပ်ရင်းမှူးတစ်ဦး ကျဆုံးခဲ့ရသည်။ ထို့နောက်ပိုင်းတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ ကြိုးကြားကြိုးကြားဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များက ရှင်းလင်းဆောင်ရွက်ခဲ့ရသည်။

မောင်တောဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေမှန်များကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းလေ့လာစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြရာ ဖြစ်စဉ်နှင့်ကြုံခဲ့ရသော ဒေသခံများက ၎င်းတို့၏အမြင်များအား ဖြေကြားခဲ့ကြသည်။

မေးမြန်းစုံစမ်းမှုများပြုရာတွင် မကြာသေးမီရက်ပိုင်းက ပြည်ပသတင်းစာတစ်စောင်က မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာတွင် အမဓမပြုကျင့်မှု၊ အစ္စလာမ်ဘာသာဝင် ကလေးငယ်များအား သတ်ဖြတ်မှု သတင်းများ ရေးသားဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ မှန်ကန်ခြင်း ရှိ၊ မရှိ၊ မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားခြင်း ရှိ၊ မရှိတို့အား ဖြစ်ပွားသည်ဟု ဆိုသော ကျေးရွာကိုသာမက အနီးအနားကျေးရွာများမှ ရပ်မိရပ်ဖများ၊ အမျိုးသမီးများနှင့် အစ္စလာမ်ဘာသာဝင် ရွာသူ ရွာသား လူငယ်လူရွယ်များ၊ ကလေးသူငယ်များအား တွေ့ဆုံ၍ ပွင့်ပွင့်လင်းလင်း အသေးစိတ်မေးမြန်းစစ်ဆေးခဲ့သည်။

၎င်းဘာသာဝင်များ၏ ပြောကြားချက်များအရ လက်တွေ့မြေပြင်တွင် အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း၊ ဖြစ်ပွားခဲ့သည်ဟုလည်း ကြားသိခြင်းမရှိကြောင်း၊ ကောလာဟလအဖြစ်သာ ကြားသိရကြောင်း၊ တိတိကျကျ ဖြေကြားနိုင်ခြင်းမရှိကြောင်းတို့ကိုသာ ကြားသိခဲ့ရသည်။ ထို့ကြောင့် အဆိုပါသတင်းစာသည် သတင်းအရင်းအမြစ်ကို ခိုင်မာတိကျစွာရယူနိုင်ခြင်းမရှိဘဲ သူတစ်ပါးပြည်တွင်းရေးကို မမှန်သတင်းများဖြင့် အထင်အမြင်လွဲမှားအောင်ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

မောင်တောဒေသ၏ ပထဝီဝင်အနေအထားမှာ အစ္စလာမ်ဘာသာဝင်များ အများဆုံးနေထိုင်ကြသည်။ ဒေသအတွင်း ဒေသခံအများစုမှာ ဘာသာရေး၊ လူမျိုးရေးအသုံးချခံများအဖြစ် ပါဝင်နေကြရပြီး စိုးရိမ်ထိတ်လန့် ကြောက်ရွံ့ခြင်းများဖြင့် ရပ်တည်နေကြသည်ဟု စုံစမ်းစစ်ဆေးမှု ကနဦး သတင်းများအရ သိရသည်။ ဒေသခံများအတွင်း ဘာသာရေး၊ လူမျိုးရေးအစွန်းရောက်စိတ်ဓာတ်များနှင့် ပြည်ပမှ သွေးထိုးလှုံ့ဆော်ပါဝင်တွန်းအားပေးသူများရှိနေခြင်းကြောင့် ထိုသို့ မနှစ်မြို့ဖွယ်အဖြစ်များ၊ အနိဋ္ဌာရုံသတင်းများအား ကြားသိနေရခြင်းဖြစ်သည်။

တရားဥပဒေဘောင်အတွင်း ဥပဒေနှင့်အညီ လိုက်နာနေထိုင်ခြင်း၊ ဥပဒေဖောက်ဖျက်ကျူးလွန်သူများနှင့် ပူးပေါင်းခြင်း၊ အားမပေးခြင်း၊ ဒေသခံများအား အကာကွယ်ပေးနေသော လုံခြုံရေးတပ်ဖွဲ့များအား မှန်ကန်စွာအသိအမှတ်ပြု နားလည်လက်ခံခြင်း၊ အမှန်ဖြစ်ပေါ်စေရေး၊ ဒေသပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဒေသပြန်လည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာတို့နှင့်အတူ အတူလက်တွဲပါဝင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဆိုပါက ဒေသအကျိုး၊ နိုင်ငံအကျိုး ပြန်လည်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ■

တိပိဋကဓရယောဆရာတော်လှုဒါန်းသော တိပိဋကမေတ္တာကျောင်းဆောင်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

ပညာရေးဝန်ကြီးဌာန အနေဖြင့် အခြေခံပညာသင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ ကျောင်းအဆင့်များတိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်များဆောက်လုပ်ပေးခြင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ သင်ယူမှုပန်းကျင်ကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းသုံးပရိဘောဂများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ ကျောင်းစာကြည့်တိုက်များအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ဆက်လက်၍ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအားလုံး မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို လေးစားမြတ်နိုး တန်ဖိုးထားပြီး စောင့်ရှောက်ကာကွယ် ထိန်းသိမ်းမြင့်တင်နိုင်သူများဖြစ်ပေါ်လာရန်၊ အမျိုးသားပညာရည် မြင့်မားရေးအတွက် ပြည်သူ့လူထုတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းတို့ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လက်ပန်ရွာ အခြေခံပညာအထက်တန်းကျောင်း၌ တိပိဋကယောဆရာတော် လှုဒါန်းသည့် တိပိဋကမေတ္တာကျောင်းဆောင်ဖွင့်ပွဲ၊ အခြားကျောင်းဆောင်များနှင့် ပညာရေး၊ လူမှုရေးဆိုင်ရာ လှုဒါန်းမှုများအား ရေစက်ချ အလှူပွဲ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအပြီးတွင် တိပိဋကမေတ္တာကျောင်းဆောင်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့ထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လူထုပဟိုပြုစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေး

ဘီးလင်း ဒီဇင်ဘာ ၁၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုပဟိုပြု စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဘီးလင်းမြို့ အောင်ဇေယျခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းပထမနှစ် ထောက်ပံ့ငွေကျပ် သိန်းပေါင်း ၁၉၀၀၀ ဖြင့် ဘီးလင်းမြို့နယ်မှ ကျေးရွာအုပ်စု ၅၁ အုပ်စု၊ ကျေးရွာပေါင်း ၂၁၆ ရွာတွင် လုပ်ငန်းခွဲပေါင်း ၂၃၂ ခုကို ဆောင်ရွက်ပေးနိုင် ခဲ့ကြောင်း သိရသည်။

ဘီးလင်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော လူထုပဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် စာသင်ကျောင်း၊ ရွာလယ်နားနေဆောင်၊ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအတွက် အဓိကလိုအပ်ချက်များဖြစ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်းအပြင် ကျေးလက်နေပြည်သူများ ကလည်း ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် အလေးထားပူးပေါင်းဆောင်ရွက်လာစေရန်၊ ပွင့်လင်းမြင်သာစွာ အများဆန္ဒဖြင့် ရွေးချယ်တတ်စေရန်၊ ကျား၊ မ တန်းတူအခွင့်အရေးအပေါ် အလေးထားဆောင်ရွက်ရန် စသည်ဖြင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လည်း လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်း (၂၇)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၃

ဟံသာဝတီဦးဝင်းတင် ဖောင်ဒေးရှင်း (၂၇)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ စားသောက်ဆိုင် ငြိမ်းချမ်းခန်းမ၌ကျင်းပရာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယကနှင့် ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း နာယက ဦးတင်ဦးနှင့် ဖောင်ဒေးရှင်း အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ထောက်ပံ့ငွေရရှိသည့် နိုင်ငံရေး အကျဉ်းသား ဟောင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းနာယက ဦးတင်ဦးက အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်း၏ (၂၇)ကြိမ်မြောက် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲသတင်းထုတ်ပြန်ချက်ကို ဖောင်ဒေးရှင်း ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးထွန်းကြည်က ဖတ်ကြားသည်။

ထို့နောက် ဖောင်ဒေးရှင်းနာယက အဖွဲ့ဝင်များနှင့် ဗဟိုအလုပ်အမှုဆောင်များက နိုင်ငံရေးအကျဉ်းသား ဟောင်းများနှင့် ဘဝတူစာနယ်ဇင်းသမား ၁၄ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းစီနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ဘုံရိပ်သာ အတွက် ငွေကျပ်သုံးသိန်းကို ပေးအပ်ကာ အလှူငွေကျပ် တစ်သိန်းအထက် လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ထောက်ပံ့ငွေရရှိသူများကိုယ်စား နိုင်ငံရေး အကျဉ်းသားဟောင်း ဦးအောင်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ **ကိုလတ် (သတင်းစဉ်)**

ကျေးရွာသုံးထင်းစိုက်ခင်းပေးအပ်ပွဲ ဆားလင်းကြီးမြို့၌ကျင်းပ

ဆားလင်းကြီး ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ ငွေသာကျေးရွာသစ်ရှိ အိမ်ထောင်စု ၁၃၈ စုအတွက် ကျေးရွာသုံးထင်းစိုက်ခင်း ၂၅ ဧကမှ ထွက်ရှိသော ထင်း၊ တိုင်၊ မျှော ၉၂ ဒသမ ၇၀ တန်အားပေးအပ်ခဲ့သည်။

အဆိုပါ ပေးအပ်ပွဲသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းနှင့် ဆားလင်းကြီးမြို့ ဦးစီးအရာရှိ ဦးဆန်းထွန်းဦးတို့က ကျေးရွာထင်းကြီးကြပ်မှုကော်မတီအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သီဟ(ဆားလင်းကြီး)**

ရောင်းမှုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးပုံသတင်းစာတိုက်က ထုတ်ဝေသည်။

ရောင်းမှုံ Mirror Established in 1937
၁၉၅၇ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၃၀၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၇၅၄၊ မြန်မာ့ချေရေ ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

❒ ရခိုင်ပြည်နယ်မှ

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်စခန်းသို့ ရောက်ရှိကြပြီး အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကိုးတန်ကောက်စခန်းအား အကြမ်းဖက်တိုက်ခိုက်သူများ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်၊ တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးပြီး တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကာ လက်နက်နှစ်လက် ဆုံးရှုံးခဲ့ရမှုဖြစ်စဉ်နှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူတစ်ဦး အသေရမိပြီး တစ်ဦးကို အရှင်ဖမ်းဆီးရရှိခဲ့မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာနေရာများသို့ ကွင်းဆင်းကြည့်ရှုပြီး အသေးစိတ်စစ်ဆေးမေးမြန်းသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များအား ကိုးတန်ကောက်စခန်း တိုက်ခိုက်ခံရမှု ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မျက်မြင်တွေ့ရှိသူတစ်ဦးက သရုပ်ပြရှင်းလင်းပြသစဉ်။ ဓာတ်ပုံ-သူရဇော်(သတင်းစဉ်)

ထိုမှတစ်ဆင့် ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့သို့ရောက်ရှိကြပြီး ကော်မရှင်အဖွဲ့ဝင်များက စစ်တွေအကျဉ်းထောင်သို့ သွားရောက်၍ မောင်တောဒေသ အတွင်း အောက်တိုဘာ ၉ ရက်၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် အမှုဖွင့်အရေးယူစစ်ဆေးခံနေရသူအချို့နှင့်တွေ့ဆုံ၍ ဖြစ်ရပ်အခြေအနေမှန်ရရှိရေးနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းကြသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ အောင်ထွန်းသက် ဦးဆောင်သော အဖွဲ့ဝင်များသည် စစ်တွေမြို့၌ INGO နှင့် NGO အသင်းအဖွဲ့များမှ တာဝန်ရှိသူများ အားတွေ့ဆုံ၍ ဒေသအတွင်းလက်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ပေးအပ် ဆောင်ရွက်နေမှုအခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ တစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလားအလာကောင်းတဲ့အနေအထားတွေ့ရဟုဆို

မောင်တော ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့သို့ ရောက်ရှိနေသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရသည့် နေရာများသို့ကွင်းဆင်းစစ်ဆေးလျက်ရှိရာ သုံးရက်မြောက်နေ့အဖြစ် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ ကိုးတန်ကောက်စခန်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာသည်။

အဆိုပါစခန်း၌ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖြစ်စဉ်များ စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေအား မောင်တောခရီးစဉ်အပေါ် သုံးသပ်ရရှိမှုကို မေးမြန်းခဲ့ရာ ကော်မရှင်အတွင်းရေးမှူးက "ဖြစ်စဉ်တွေဖြစ်တဲ့နေရာတိုင်းကို ကော်မရှင်အဖွဲ့ဝင်တွေ ရောက်ခဲ့တယ်။ မေးစရာရှိတဲ့သူတွေ ကလေး၊ မိန်း၊ ယောကျ်ား အားလုံးကို မေးခဲ့တယ်။ ဒေသခံပြည်သူတွေကတော့ စိုးရိမ်ထိတ်လန့်မှုတွေ ရှိခဲ့တယ်။ အခုတော့ စားဝတ်နေရေးပြဿနာတွေ ရှိလာပြီ။ စိုးရိမ်ထိတ်လန့်မှုတွေရှိပေမယ့် စားဝတ်နေရေးအတွက် တစ်ယောက်နဲ့ တစ်ယောက်

ဦးဇော်မြင့်ဖေ
(အတွင်းရေးမှူး၊ စုံစမ်းစစ်ဆေးရေးကော်မရှင်)

ဆက်ဆံမှုကင်းလို့မရဘူးဆိုတာ သဘောပေါက်လာတဲ့အနေအထားတွေ့ရတယ်။ အဓိကက မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အလားအလာကောင်းတဲ့အနေအထားတွေ့ရတယ်လို့ ပြောချင်တယ်။ ရင်ဆိုင်စရာတွေ၊ ကျော်လွှားစရာတွေ အများကြီးရှိပေမယ့် ဒါတွေကို တစ်ဆင့်ချင်း ဦးစားပေးအလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဆောင်ရွက်သွားပါလိမ့်မယ်။ ပြဿနာရဲ့ အဓိက အချက်တွေကတော့ ပေါ်လာပြီ။ နောက်တစ်ခါ ခရီးစဉ်မှာတော့ ပြောပြနိုင်မယ်ထင်ပါတယ်။ ကော်မရှင်က အစည်းအဝေးလုပ်ရဦးမယ်။ ရရှိတဲ့ အချက်တွေကို ခိုင်ခိုင်မာမာဖြစ်အောင် သေချာအောင် လုပ်ဖို့လိုသေးတယ်။ မုန်းတီးမှုတွေ၊ မယုံကြည်မှုတွေနဲ့နေလို့တော့ မရဘူးလို့ သေသေချာချာပြောချင်တယ်။ ယုံကြည်မှု၊ ပူးပေါင်းမှု၊ အဆက်အသွယ်လုပ်မှုတွေ လုပ်ဖို့လိုတယ်ဆိုတာပဲ ပြောချင်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ဦးဇော်မြင့်ဖေသည် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အတွင်းရေးမှူးတစ်ဦးဖြစ်သလို ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(သတင်းစဉ်)

နယူးဇီလန်သံအမတ်ကြီးအဖြစ် ဦးသာအောင်ညွှန့်အား ပူးတွဲခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သြစတြေးလျခေနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွှန့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

နိုင်ငံခြားသားနှင့် ပြည်တွင်းခရီးသွားများအား ဝင်ကြေးသတ်မှတ် ကောက်ခံခွင့်ပြုနိုင်သဖြင့် တံတားထိန်းသိမ်းရန် ဝင်ငွေရရှိသကဲ့သို့ တံတားပေါ် လူအများ ဝန်ပိပျက်စီးခြင်းမှလည်း ရှောင်လွှဲနိုင်သည်။

သို့သော် လက်ရှိအသုံးပြုနေသော ဒေသခံပြည်သူများ အခက်အခဲဖြစ်ပေါ်စေနိုင်သဖြင့် ကောင်းမွန်လုံခြုံသော ကန်ပတ်လမ်းဖောက်လုပ်ပေးခြင်း တည်းဟူသော နည်းလမ်းများကိုလည်း ကြိုတင်စဉ်းစားအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း အကြံပြုချက်တွင် ဖော်ပြထားသည်။

ထို့ပြင် နည်းလမ်း (၂)အတိုင်း ပြုပြင်မည်ဆိုပါက သာမန်အချိန်တွင် တံတားကြံ့ခိုင်မှုအား ထိန်းသိမ်းထားနိုင်သော်လည်း အခါကြီးရက်ကြီးများတွင် ထိန်းချုပ်ရန်ခက်ခဲနိုင်သဖြင့် လူအများထိခိုက်နိုင်သော တံတားပျက်စီးမှုနှင့် ကြုံတွေ့နိုင်သည်။

ထို့ကြောင့် တံတားကြံ့ခိုင်မှုကို အဓိကအသားပေးထိန်းသိမ်းရန် လိုအပ်သောကြောင့် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်နိုင်သော နည်းပညာအသုံးပြုမှုများ ရှိလာနိုင်သဖြင့် တံတားတစ်ခုလုံးမှအစိတ်အပိုင်းတစ်ခုကို ရှေးဟောင်းလက်ရာအတိုင်း ရရှိစေရန်ပြုလုပ်ထားရန် လိုအပ်ကြောင်းလည်း အကြံပြုထားသည်။

အကြံပြုနည်းလမ်း နှစ်ခုမှ ရွေးချယ်မည့် နည်းလမ်းအတိုင်းဆောင်ရွက်ပါက အသုံးပြုသောသစ်သားများမှာ အမျိုးအစားမှန်ကန်ကောင်းမွန် ခိုင်ခံ့မှုရှိစေရန်နှင့် ပြုပြင်ထိန်းသိမ်းမည့် လက်သမား၊ အလုပ်သမားများအား ရှေးခေတ်လက်သမားအတတ်ပညာကို စနစ်တကျသင်တန်းပေးပြီး ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးပညာရှင်များ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဆောင်ရွက်ရန် သတိပြုစေလိုကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ ဆောင်းရာသီမှ

ရှားပါးဆောင်းခိုဌက်များလေ့လာရန်၊ စိုက်ကွင်းပတ်လမ်းများနှင့် ငါးကန်ပတ်လမ်းများတစ်လျှောက် စက်ဘီးအပျော်စီးနင်းရန်အတွက် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ကနေ တစ်ရက်ခရီးနဲ့ လာလို့ရတဲ့ ဒီလူလုပ်တောတန်းလေးမှာ ဌက်တွေကြည့်မယ်။ စက်ဘီးစီးကြမယ်။ ငါးမျှားကြမယ်။ နောက် သဘာဝအလှအပတွေကြည့်ပြီး အပန်းဖြေလို့ရမယ့်နေရာလေးတစ်ခု ဖြစ်လာစေချင်တာရယ်၊ နောက်ပြီး ဧရာဝတီတိုင်းဒေသကြီးထဲမှာရှိတဲ့ ချောင်းသာတို့၊ ငွေဆောင်တို့သွားမယ့်လမ်းကြောင်းလေးပေါ်မှာရှိတဲ့အတွက် ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်ဖို့ အဓိကထားပါတယ်"ဟု အော့ချတ်(ဒ)ကုမ္ပဏီမှ ဒေါက်တာမြင့်စိန်က ပြောသည်။

မြန်မာစက်ဘီးစီးကွန်ရက်အဖွဲ့သည် ပါရမီလမ်း အောင်ကောင်းစံလက်ဖက်ရည်ဆိုင်မှ နံနက် ၅ နာရီမှ စတင်ထွက်ခွာခဲ့ကြပြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းအတိုင်းစီနင်းကာ ထိုမှတစ်ဆင့် မလတ်တို-မယ်ဇလီလမ်းသို့ရောက်ရှိပြီး မအူပင်မြို့နယ် မလတ်တိုကျေးရွာအုပ်စု တမလိုကျေးရွာရှိ အော့ချတ်(ဒ)ကုမ္ပဏီသို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**

မြန်မာ ယူ-၁၈ အသင်း ကွမ်ကျိုးအဲဗားဂရင်းလူငယ်အသင်းနှင့် ခြေစမ်းပွဲကစား

ရန်ကုန် ဒီဇင်ဘာ ၁၃

၂၀၁၇ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် ယနေ့ညနေပိုင်းက တရုတ်စုပါလိဂ် ထိပ်သီးကလပ် ကွမ်ကျိုးအဲဗားဂရင်းလူငယ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး အတွေ့အကြုံကောင်းများရရှိခဲ့သည့် ခြေစမ်းပွဲလည်းဖြစ်သည်။ ပွဲအစ ၎င်းမိနစ်တွင် မြန်မာအသင်း ဂိုးစပေးလိုက်ရသော်လည်း မိနစ် ၆၀ တွင် လွင်မိုးအောင်က မြန်မာအသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ သို့သော် ၈၅ မိနစ်တွင် ကွမ်ကျိုးအဲဗားဂရင်းလူငယ်အသင်းက အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၁၀ ရက်က ကစားထားသည့် ပထမခြေစမ်းပွဲတွင် ကွမ်ကျိုးလူငယ်အသင်းနှင့် သုံးဂိုးစီ သရေကျထားသည်။ မြန်မာ ယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၂၇ ရက်အထိ လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

ပန်းမော် ဒီဇင်ဘာ ၁၃

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သော ပန်းမော်မြို့နယ် နန့်လှိုင်အုပ်စု နန့်လှိုင်သစ်ရေပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ပန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်၊ ပန်းမော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုး၊ အင်ဂျင်နီယာများ နှင့်အတူ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။ ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် ပန်းမော် ခရိုင်ဦးစီးမှူးက ရောတာပိန်ကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

(ကြေးမုံ)

ရေ၊ မြေထာဝစဉ် သန့်ရှင်းစေဖို့ ကြွပ်ကြွပ်အိတ်သုံးစွဲမှု ရပ်ကြစို့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်အဖြစ် အန်ထော်နီယို ဂူထားရက်စ် ကျမ်းသစ္စာကျိန်ဆို

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၃

ပေါ်တူဂီ ဝန်ကြီးချုပ်ဟောင်း အန်ထော်နီယိုဂူထားရက်စ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်အဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂဌာနချုပ်၌ အတွင်းရေးမှူးချုပ်သစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အထက်တန်းသံတမန်များ၊ ကုလသမဂ္ဂတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ဂူထားရက်စ်အား အောက်တိုဘာ ၁၃ ရက်တွင် ကုလသမဂ္ဂ၏နဝမမြောက်အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းသည် အနားယူတော့မည့် ဘန်ကီမွန်း၏အရိုက်အရာကို ဆက်ခံမည်ဖြစ်သည်။ ဘန်ကီမွန်းသည် ယခုနှစ်ကုန်တွင် ရာထူးမှ ဆင်းပေးမည်ဖြစ်သည်။

ဂူထားရက်စ်၏ အတွင်းရေးမှူးချုပ်ရာထူးမှာ ငါးနှစ်သက်တမ်းရှိသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် လုပ်ငန်းတာဝန်ကို စတင်ထမ်းရွက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တာဝန်ပြီးဆုံးမည်ဖြစ်သည်။

အသက်(၆၇)နှစ်အရွယ်ရှိ ဂူထားရက်စ်သည် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ၂၀၀၅ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂူထားရက်စ်သည် ပေါ်တူဂီနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက မိမိအား ယုံမှတ်ပုံအပ်ကာ အခွင့်အာဏာအပ်နှင်းခြင်းအတွက် ဂုဏ်ယူရပါကြောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်ရည်ရွယ်ချက်များ၏ လမ်းညွှန်မှုနှင့်အညီ မိမိတာဝန်ထမ်းရွက်မည်ဟု ဂူထားရက်စ်က ပြောကြားသည်။

ရိုက်တာ။

ဖိလစ်ပိုင်အကြမ်းဖက်အဖွဲ့ကို စင်ကာပူလူမျိုးဦးဆောင်သည်ဟု ဒူတာတေးပြော

မနီလာ ဒီဇင်ဘာ ၁၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူပြည်နယ်ရှိ နိုင်ငံတကာအကြမ်းဖက်အဖွဲ့ကို စင်ကာပူလူမျိုးတစ်ဦး ဦးဆောင်နေကြောင်း သမ္မတ ရိုဒရီဂို ဒူတာတေးက အင်္ဂါနေ့တွင် ပြောကြားသည်။

"ဆူလူပြည်နယ်မှာရှိတဲ့ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ အိုင်အက်စ်အဖွဲ့လည်းဖြစ်နိုင်ပါတယ်။ အဲဒီအကြမ်းဖက်အဖွဲ့ခေါင်းဆောင်က စင်ကာပူလူမျိုး တစ်ဦးဖြစ်ပါတယ်" ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ၎င်း၏ကမ္ဘာဒီးယားနှင့် စင်ကာပူနိုင်ငံခရီးစဉ်မတိုင်မီတွင် ပြောကြားလိုက်သည်။

ဆူလူပြည်နယ်တွင်ရှိသည့် အကြမ်းဖက်သမားများတွင် မလေးရှားလူမျိုးများနှင့် အင်ဒိုနီးရှားလူမျိုးများလည်း ပါဝင်လိမ့်မည်ဟု သံသယရှိကြောင်း ဒူတာတေးက ပြောကြားသည်။

ဆူလူပြည်နယ်အခြေစိုက် အာဘူဆေယက်ဖ်အကြမ်းဖက်အဖွဲ့သည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို သစ္စာခံထားသည့်အဖွဲ့ဖြစ်သည်။

ဒူတာတေးက စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် တွေ့ဆုံသည့်အခါ အစွန်းရောက်အကြမ်းဖက်သမားများအား မည်ကဲ့သို့ တုံ့ပြန်တိုက်ခိုက်နှိမ်နင်းသွားမည်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒူတာတေးသည် ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်ပြီးနောက် ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိ စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

ဆင်ဟွာ။

တရုတ်တိုင်ပေအရေး ဒေါ်နယ်ထရန့်၏မှတ်ချက်စကား စိုးရိမ်ပူပန်မှုဖြစ်ရဟု တရုတ်အစိုးရ ပြောကြား

ပေကျင်း ဒီဇင်ဘာ ၁၃

တရုတ်တိုင်ပေသည် တရုတ်နိုင်ငံ၏အစိတ်အပိုင်းဖြစ်သည်ဆိုသော ကာလရှည်ကိုင်စွဲလာခဲ့ကြသည့် သဘောထားရပ်တည်ချက်ကို အမေရိကန်ပြည်ထောင်စုက ဆက်လက်ကိုင်စွဲမည်မဟုတ်ဟု ဒေါ်နယ်ထရန့်၏ပြောကြားချက်နှင့်ပတ်သက်၍ မိမိတို့အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း တရုတ်အစိုးရက ပြောကြားလိုက်သည်။

ဆက်ဆံရေးအခြေခံမူတစ်ရပ်အဖြစ် တရုတ်နိုင်ငံတစ်နိုင်ငံတည်းဟူသော မူဝါဒကို အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ထရန့်က ဝေဖန်ခဲ့ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ကျန်ရွှေယန်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

အမေရိကန်က ဆယ်စုနှစ်လေးစုနီးပါးကြာမျှ ကျင့်သုံးလာခဲ့သော မူဝါဒနှင့်ပတ်သက်၍ ထရန့်က ဖောက်စ်ရုပ်မြင်သံကြားဌာနအား မှတ်ချက်ပြုပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂ ရက်က တရုတ်တိုင်ပေ သမ္မတဆိုင်းအင်ဝမ်ထံမှ တယ်လီဖုန်းဆက်သွယ်ပြောကြားမှုကို ထရန့်က လက်ခံခဲ့ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ၎င်းအား သံတမန်ရေးအရ ကန့်ကွက်ခဲ့ပြီးနောက် ဖောက်စ်သတင်းဌာနက ထရန့်၏ရှုမြင်ချက်ကို ထုတ်လွှင့်ပေးခဲ့သည်။

တရုတ်တိုင်ပေပြဿနာသည် တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်စိုးမှု ပိုင်နက်နယ်မြေစုစည်းတည်ရှိမှုနှင့်နိုင်ငံတော်၏ အကျိုးစီးပွားတို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကို တိုးပွားစေကြောင်း ပြောရေးဆိုခွင့်ရှိသူ ကျန်ရွှေယန်က ပြောကြားသည်။

တရုတ်နှင့်အမေရိကန်ဆက်ဆံရေးတိုးတက်မှုအတွက် နိုင်ငံရေးဆိုင်ရာအခြေခံမူတစ်ရပ်မှာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းဟူသော မူဝါဒဖြစ်ပြီး ယင်းမူဝါဒကို အမေရိကန်အစိုးရက ဆက်လက်ကိုင်စွဲသင့်ကြောင်း ကျန်ရွှေယန်က ပြောကြားသည်။

ရိုက်တာ။

ပုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံရသဖြင့် လုဖ်သန်ဆာလေယာဉ် လမ်းကြောင်းပြောင်းကာ ဆင်းသက်ခဲ့ရ

နယူးယောက် ဒီဇင်ဘာ ၁၃

ဂျာမနီနိုင်ငံမှ လုဖ်သန်ဆာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ ဂျာမနီနိုင်ငံသို့ ဦးတည်ပျံသန်းစဉ်အတွင်း ယင်းလေယာဉ်အား ပုံးဖောက်ခွဲမည်ဆိုသော ခြိမ်းခြောက်မှုတစ်ခုကို လုဖ်သန်ဆာလေကြောင်းဌာနရုံးချုပ်က လက်ခံရရှိခဲ့ပြီးနောက် လမ်းကြောင်းပြောင်းကာ ပြန်လှည့်ခဲ့ပြီး နယူးယောက်မြို့လေဆိပ်၌ ဆင်းသက်စေခဲ့ရကြောင်း ယင်းလေကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

တက္ကဆက်ပြည်နယ်ဟူစတန်မြို့မှ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့သို့ပျံသန်းသည့် လုဖ်သန်ဆာလေကြောင်းခရီးစဉ်အမှတ် ၄၄၁ လေယာဉ်သည် ကံကောင်းထောက်မစွာ ဒီဇင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၁၀ မိနစ်တွင် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်ရှိ အစွန်အဖျားတစ်နေရာတွင် ဆင်းသက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခံရသည့်လေယာဉ်မှ ခရီးသည်များအား ဟိုတယ်သို့ ပြောင်းရွှေ့ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက အဆိုပါလေယာဉ်တစ်စင်းလုံးကို ရှာဖွေခဲ့ကြောင်း လုဖ်သန်ဆာလေကြောင်းပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ပြောကြားသည်။

၎င်းအနေဖြင့် ပုံးဖောက်ခွဲတိုက်ခိုက်မည်ဟူသော ခြိမ်းခြောက်မှုအား လက်ခံရရှိမှုကိုငြင်းဆိုခြင်း သို့မဟုတ် အတည်ပြုခြင်းမရှိသော်လည်း သတင်းအချက်အလက်များကို အပြည့်အစုံမရရှိဟုဆိုသည်။

ပုံးရှာဖွေမှုများပြုလုပ်ပြီးနောက် လုဖ်သန်ဆာလေကြောင်းလိုင်းမှ အဆိုပါလေယာဉ်မှာ ခရီးသည်များ တစ်စုံတစ်ဦးမျှ မပါရှိဘဲ ဂျာမနီနိုင်ငံသို့ ပျံသန်းသွားခဲ့ကြောင်း ယင်းလေကြောင်းလိုင်း၏ ပြောရေးဆိုခွင့်ရှိသူ ဂျော့ဝါကာက ပြောကြားသည်။

ရိုက်တာ။

အီးယူနှင့် ကျူးဘား ပုံမှန်ဆက်ဆံရေးထူထောင်ရန် သဘောတူ

ဘရပ်ဆဲလ် ဒီဇင်ဘာ ၁၃

ဥရောပသမဂ္ဂ(အီးယူ)က ကျူးဘားနိုင်ငံအပေါ် နှစ်ပေါင်း ၂၀ ခန့် နိုင်ငံရေးနှင့် စီးပွားရေးအရ ကန့်သတ်ပိတ်ဆို့ထားမှုများကို ရုပ်သိမ်းပေးရန် သဘောတူခဲ့သည်။

အီးယူနိုင်ငံခြားရေးရာမူဝါဒအကြီးအကဲ ဖက်ဒရီကာ မိုဂါရီနီနှင့် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနို ရိုဒရီဂွက်ဇ်တို့သည် တနလင်္ဂနေ့က ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံခဲ့ကြသည်။

၎င်းတို့နှစ်ဦးက နိုင်ငံရေးဆိုင်ရာဆွေးနွေးမှုများပြုလုပ်ရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရန် လက်မှတ်ရေးထိုးခဲ့ကြသည်။

လွန်ခဲ့သည့် နိုဝင်ဘာလအတွင်းက ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရို ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်း ပြောကြားပြီး ယခု ဆက်ဆံရေးသည် အမေရိကန်၏မူဝါဒနှင့် သက်ရောက်မှုရှိမည်မဟုတ်ကြောင်းလည်း ပြောကြားသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က ကျူးဘားနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့သည့် အိုဘားမားအစိုးရကို ဝေဖန်ခဲ့သည်။

အင်နန်အိတ်ချ်ကေ။

ကြေးမုံ

လွှတ်တော်ရေးရာ

စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း သန်း ၉၃၉၇၀ ချေးယူရန် အတည်ပြု

နေပြည်တော် ဒီဇင်ဘာ ၁၃

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း သန်း ၉၃၉၇၀ ချေးယူရန်ကိစ္စကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် အတည်ပြုလိုက်သည်။

အဆိုပါချေးငွေ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂) ပါ လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးပြီး တိုင်းပြည်၏ ဂျီဒီပီတိုးတက်လာကာ နိုင်ငံအတွက် ထွက်ကုန်များမှ ဝင်ငွေတိုးလာနိုင်မည်ဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသုံးပြုမည့် (JICA ODA) ချေးငွေ ဂျပန်ယန်းငွေ ၁၀၅၀၇ သန်း ချေးယူဆောင်ရွက်ခြင်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဌာန၊ အဖွဲ့အစည်းများက ၎င်းတို့၏ ပေးဆပ်ရန်တာဝန်အား အချိန်မီပေးအပ်နိုင်ရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း မျက်ခြည်မပြတ် စိစစ်ကြပ်မတ်လျက်ရှိပါကြောင်း၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပါ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက်ခြောက်လထက် နောက်မကျသည့်ကာလအတွင်း ဝန်ကြီးသည် အစိုးရ ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အစိုးရ၏အာမခံချက်များနှင့် အစိုးရမှ ငွေထုတ်ချေးခြင်းများနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဖြစ်ကြောင်း။

ကြွေးမြီခံနိုင်ရည်ရှိမှုနှင့်ပတ်သက်၍ ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုဗျူဟာအရ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့က သတ်မှတ်ထားသည့် နိုင်ငံ၏မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အား တိုင်းတာသည့်(Country Policy and Institutional Assessment-CPIA) Score အရ အလယ်အလတ်အဆင့် ဝင်ငွေနည်းပါးသည့် နိုင်ငံအတွက် စံနှုန်းသတ်မှတ်ချက်မှာ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၃၀ ရာခိုင်နှုန်းထက် မကျော်လွန်သင့်ဟု ပါရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၄ ဒသမ ၅၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် သတ်မှတ်စံနှုန်းအောက်တွင် ရှိနေပါသဖြင့် ကြွေးမြီခံနိုင်ရည်ရှိကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါချေးငွေဂျပန်ယန်း သန်း ၉၃၉၇၀ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ရေး စီမံကိန်းများအတွက် ဂျပန်ယန်း ၂၃၉၇၉ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေး မီးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်ရန် ဂျပန်ယန်းသန်း ၂၅၀၀၀၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်ယန်း ၁၅၁၃၅ သန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်ယန်း ၄၈၅၆ သန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော်ရေပေးဝေရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်ယန်း သန်း ၂၅၀၀၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားရေဥပဒေ ပြဋ္ဌာန်းရေးအတွက် မြန်မာနိုင်ငံတော် အမျိုးသားအဆင့် ရေမူဝါဒ (Myanmar National Water Policy)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တင်သွင်းသည့် လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်သည်။

အစီရင်ခံစာတင်သွင်းရာတွင် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဝင်းက နယ်စပ်မြစ်များနှင့် အပြည်ပြည်ဆိုင်ရာ မြစ်များသည် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် သုံးစွဲမှုအတွက်သာမက နိုင်ငံတော်၏အချုပ်အခြာအာဏာ နယ်နိမိတ် သဘာဝအပိုင်းအခြားဖြစ်သည့်အတွက် တိကျခိုင်မာမှုရှိရန် အထူးအရေးကြီးကြောင်း၊ မြစ်ကြောင်းပြောင်းလဲမှုမရှိရေး၊ နယ်နိမိတ်ကျူးကျော်မှု မဖြစ်ပေါ်ရေး၊ ရေပေါ်ရေအောက် သယံဇာတအရင်းအမြစ်များ ဆုံးရှုံးမှုမရှိရေး စသည့်အချက်များကို ပိုမိုပြည့်စုံခိုင်မာစွာ ဖြည့်စွက်ထည့်သွင်းဖော်ပြရန် ထည့်သွင်းတင်ပြခဲ့သည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပူးပေါင်းကော်မတီများ၏ အစီရင်ခံစာပါမူနှင့် အခြေခံသဘော အကြောင်းအရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောဆွေးနွေးခြင်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး အဆိုပါအစီရင်ခံစာအပေါ် ပြည်သူ့ကြွေးမြီ ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ (၆/၂၀၁၆)ကို ကော်မတီဝင် ဒေါ်စိန်ရွှေရွှေလတ်က ဖတ်ကြားတင်ပြသည်။

ထို့အတူ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး အဆိုပါအစီရင်ခံစာအပေါ် ပြည်သူ့ကြွေးမြီ ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ(၇/၂၀၁၆)ကို ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်သန်းက ဖတ်ကြားတင်ပြခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာနရှိ မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အဆိုပါချေးငွေ ချေးယူခွင့်ပြုပါက ခေတ်မီရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းသုံး ယာဉ်၊ စက်၊ ပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းရည်မြင့်မားစေရေးအတွက် ပိုလန်နိုင်ငံတွင် ဖွင့်လှစ်မည့် သင်တန်းများ တက်ရောက်ခွင့်ရရှိခြင်း၊ နိုင်ငံအတွင်း ဘေးအန္တရာယ်ဖြစ်ပွား ကြုံတွေ့နေရပါက ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းတင်ပြသည်။

မျိုးမြင့်(သတင်းစဉ်)

လယ်ယာသုံး စက်ကိရိယာများ စွမ်းရည်သရုပ်ပြပွဲ ကျောင်းကုန်းမြို့တွင်ကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၁၃

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးတွင် တောင်သူလယ်သမားကြီးများ၏လက်ဝယ် လယ်ယာသုံးစက်ကိရိယာများ ရှိနေရမည်ဖြစ်ရာ ဗဟိုသမဝါယမ အသင်းနှင့် ကိုရီးယား Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများ စွမ်းရည်သရုပ်ပြပွဲကို ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာရိုးတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက အဖွင့်အမှာစကားပြောကြားပြီး ဒေဒေါင်းကုမ္ပဏီ စီမံခန့်ခွဲမှု ဒါရိုက်တာ Mr. JEUN. SANG. RYOUL က မြင်းကောင်ရေအမျိုးမျိုးရှိကြောင်း၊ အသင်းသားလယ်သမား စက်ဝယ်လျှင် စက်၏တန်ဖိုး ၂၀ ရာခိုင်နှုန်းကို လက်ငင်းပေးသွင်းစေပြီး အသင်းသားမဟုတ်သူများကို ၃၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းစေကြောင်း၊ ကျန်ငွေကို ခြောက်လတစ်ကြိမ် သတ်မှတ်ထားသည့် အတိုးနှုန်းဖြင့် (၁၂)ရစ် ခြောက်နှစ် ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ စက်အမျိုးအစားအလိုက် PX 9030, PX 7630, RX. 6030 စသည်ဖြင့် ထွန်စက်အမျိုးအစား မြင်းကောင်ရေ ၂၈ မှ ၉၀ အထိ ရောင်းချပေးနေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အောင်မင်္ဂလာရိုး စံပြလယ်ကော ၁၀၀ စိုက်ကွင်းအတွင်း လယ်ယာသုံးစက်ကိရိယာများ စမ်းသပ်မောင်းနှင်ပြသခဲ့ပြီး တောင်သူများကိုယ်တိုင် စမ်းသပ်မောင်းနှင်ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

သဘာဝစွမ်းအင် မကုန်ခမ်းစေပို့ ပြန်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲစို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E. Ms. Karen MacArthur အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E. Ms. Karen MacArthur အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တကယ်ဖြစ်ပျက်နေသည်-ထိုးတော့တစ်ချက် ခံရော့တစ်သက်

ဒေါက်တာကျော်စွာမြင့်(ကလေးအထူးကု)

တစ်မျိုးမထင်စေလိုပါ။ ကလေးတွေကိုအသားဆေး(တင်ပါးဆေး) ဆေးထိုးတာကိုပြောတာပါ။

တာချီလိတ် ကလေးအထူးကုဆေးခန်း၊ "ကလေး ဘာဖြစ်လို့လဲဗျ"။ "ဆေးထိုးချင်လို့ပါ ဆရာ"။ "အင်. . . . . မဟုတ်ဘူးလေ ကလေးဘာဖြစ်လဲ အရင်ပြောပြဦးလေ"။ "ဖျားနေတာ သုံးရက်၊ အရင်က ဒီကလေးဖျားတိုင်း ဆေးတစ်လုံးထိုးရင်ပျောက်တယ်"။ "အခုရော ဆေးမထိုးခဲ့ဘူးလားဗျ"။ အဲဆရာခရီးသွားနေလို့ ဆရာ့ဆီလာထိုးခိုင်းတာ ကဲမှတ်ပြီလား၊ ကလေးဆရာ။ နောက်တစ်ရက် နောက်တစ်ယောက်"။ "ကဲ ဘာဖြစ်တုံး ပြောပါဦး" "ကလေးချောင်းဆိုးလို့ ဆရာ"။ မေးမြန်းစမ်းသပ်ပြီး "စားဆေးကောင်းကောင်းပေးလိုက်မယ်နော်။ မသက်သာရင် ပြန်ပြ"။ "အဲဒီလိုလုပ်လို့မဖြစ်လောက်ဘူးဆရာ"။ "ဟေ. . . ဘာဖြစ်လို့တုံးဟ"။ "ကျွန်တော့်ကလေးက စားဆေးဆိုမတိုးဘူးဆရာ၊ ဆေးထိုးမှဖြစ်မှာ၊ ဆေးထိုးပေးပါနော်။ ဆရာထပ်မှတ်ပေါ့။ ကလေးဆရာရေ။ နောက်တစ်ယောက် "အစ်မရေ ကလေးဘာဖြစ်လို့လာပြတာလဲ"။ "ကလေးက ရင်ကျပ်နေလို့ဆရာ၊ ညကလည်းမအိပ်ရဘူး၊ ချောင်းတွေလည်း အရမ်းဆိုးနေတယ်"။ စမ်းသပ်စစ်ဆေးပြီး "ရင်ကျပ်အမြန်သက်သာအောင် ဆေးပေးလိုက်မယ်နော်၊ သက်သာမှာပါ ဆေးတိုက်ကြည့်နော်"။ "ဆရာ ဆေးထိုးပေးပါလား။ အရင်ဒီလိုဖြစ်ရင် ဟိုဘက်ကမ်းက (မယ်ဆိုင်မြို့ ထိုင်းနိုင်ငံ)ဆရာဝန်က ဆေးထိုးပေးနေက၊ ဆေးထိုးပေးပါနော် ဆရာ"။ ဆေးထိုးပေးပါ။ ဆေးထိုးပေးပါ။ ဆေးထိုးပေးပါ။ ကလေးမိဘတွေရဲ့ တောင်းဆိုမှုများ အမြဲကြားရ။

အဲဒီလို ကလေးမိဘတွေတောင်းဆိုတိုင်း ကျွန်တော်ပြန်ပြောလေ့ရှိတာတွေက ကလေးအခြေအနေက ဆေးထိုးဖို့မလိုအပ်ကြောင်း၊ အကယ်၍ ဆေးထိုးဖို့လိုအပ်လာပါက မိဘတွေမထိုးချင်ရင်တောင် ကျွန်တော်က ဇွတ်ဆေးထိုးပေးမည့်အကြောင်း၊ ကလေးတွေမှာ အရေးပေါ်အခြေအနေနှင့် ကာကွယ်ဆေးမှလွဲ၍ ဆေးခန်းတွေမှာ ဆေးမထိုးသင့်ကြောင်း၊ တကယ်လိုအပ်ပြီဆိုရင်လည်း ဆေးရုံတက်၍ ဆေးကိုအချိန်မှန် ဆေးပတ်လည်အောင် ထိုးသင့်ကြောင်း၊ ခြုံပြောရရင် ကလေးတွေကို ဆေးခန်းတွေမှာဆေးထိုးတာက ကောင်းကျိုးထက် ဆိုးကျိုးပိုများကြောင်း အမြဲရှင်းပြလေ့ရှိတယ်။ ခန့်မှန်းခြေ မိဘဆယ်ယောက်မှာ နှစ်ယောက်လောက်ပဲ ကျွန်တော်ရှင်းပြတာကို နားဝင်ပြီး အရင်ကဒီလိုမသိခဲ့၍ ဆေးထိုးချင်ခဲ့ကြောင်း၊ ဆရာညွှန်ကြားသည့်အတိုင်း လိုက်နာမည်ဖြစ်ကြောင်း ပြောဆိုတတ်ပြီး ကျန်တဲ့မိဘရှစ်ယောက်လောက် ကတော့ ဒီဆေးခန်း နောက်ထပ် ဘယ်တော့မှလာမပြတော့ဆိုတဲ့ မျက်နှာပေးနဲ့ မကျေမနပ် ပြန်သွားလေ့ရှိတယ်။ ကျွန်တော်ကတော့ ကျွန်တော့် စကားနားဝင်တဲ့ မိဘနှစ်ယောက်လောက်ရှိရင်ကိုပဲ အမြတ်လို့သဘောထားပြီး မိဘတွေ အတင်းတောင်းဆိုတဲ့ အသားဆေးထိုးခြင်းကို မလိုအပ်ဘဲ ဘယ်တော့မှ မလိုက်လျောတတ်။ ဘာလို့ဆေးထိုးတာကို ဒီလောက်ထိ တူးခါးနေရလဲ။

တစ်နေ့က ကလေးတစ်ယောက်ဆေးခန်းလာပြတယ်။ တာချီလိတ်အနီးက ပလောင်ရွာက ပလောင်လူမျိုး။အသက်က ငါးနှစ်။ ဘာဖြစ်လဲမေးကြည့်တော့ ခြေတစ်ဖက်သေးသိမ်လာ၊ လမ်းလျှောက်ရင် ထော့နင်းထော့နင်းဖြစ်လာလို့။ အမေမွေးတုန်းက သူလိုငါလို ပကတိအကောင်း။ အခုတော့ ခြေတစ်ဖက်မသန်တော့။ ဖြစ်တာက လေးလရှိပြီ။ သေချာမေးကြည့်တော့မှ ဖျားလို့ အသားဆေး(တင်ပါးဆေး)ထိုးခံခဲ့။ထိုးပေးတဲ့သူက ရွာထဲကပဲ ရမ်းကု။ အဲဒီအချိန်ကစပြီး ခြေထောက်ပြဿနာပေါ်လာ။ အစအဆုံးမေးမြန်း စမ်းသပ်ပြီးတဲ့နောက် ဆေးထိုးပြီးအာရုံကြောထိခိုက်ရောဂါ(post injection sciatic nerve injury) လို့သတ်မှတ်လိုက်တယ်။ စားဆေးတချို့ပေးပြီး ခြေထောက်လေ့ကျင့်ခန်းလုပ်ဖို့ သင်ပေးလိုက်တယ်။ ဒီကလေးခြေထောက်အခြေအနေက သေရာပါ (permanent deformity) ဖြစ်ဖို့များပြီ။ ဟုတ်ကဲ့ ထိုးတော့တစ်ချက် ခံရော့တစ်သက်ပါ။ စိတ်တော့မကောင်း။

ဒီတစ်နှစ်အတွင်း ဆေးထိုးပြီး ဒီလိုအာရုံကြောထိခိုက်လို့ ကျွန်တော့်ဆေးခန်းလာပြတဲ့ ကလေးလူနာထဲမှာ ဒီပလောင်ကလေးက လေးယောက်မြောက်။ ကျန်တဲ့သုံးယောက်ထဲမှာမှ တစ်ယောက်က ဆရာဝန်ကိုယ်တိုင်ဆေးထိုးပြီးဖြစ်တာ။ နောက်တစ်ယောက်က ဒီကလေးလိုပဲ ရမ်းကုထိုးလို့ဖြစ်တာ။ နောက်တစ်ယောက်က မယ်ဆိုင်ကပေးတဲ့ လက်ဆောင်။ အမေမွေးတော့ အကောင်းဆေးထိုးပြီးမှ တစောင်းဖြစ်သွားတဲ့ ကလေးတွေပေါ့။ အကျိုးဆက်တွေက အများသား။ အကုန်ဆိုးကျိုးတွေချည်းပဲ။ ကလေးကိုယ်တိုင်လည်း တစ်သက်လုံး ခြေထောက်ဒဏ်ရာရော စိတ်ဒဏ်ရာပါ ခံစားရ။ မိဘတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုး၊လမ်းမလျှောက်နိုင်တော့ရင် တစ်သက်လုံး သွားရော။ နိုင်ငံတော်လည်း ဝန်ပိ၊ လူ့အသိုက်အဝန်းလည်း ဝန်ပိ။

မလိုအပ်ဘဲ ဆေးထိုးရင် တခြားဆိုးကျိုးတွေရော ရှိသေးလား။ များမှများပေါ့ဗျာ။ အကြမ်းဖျင်းပြောပြရရင် ဆေးထိုးလို့နာကျင်မှုရုန်းကန်ရင်း သွေးကြောထိသွားရင် တင်ပါးမှာအလုံးအကျိတ်ပေါ်တတ်။ အလုံးအကျိတ်မှာ ပိုးဝင်သွားရင် ပြည်တည်နာဖြစ်တတ်။ အဲဒီပြည်တည်နာကြီးလွန်းရင် မေ့ဆေးပေးပြီး ခွဲစိတ်ရတတ်။ အထက်မှာတင်ပြခဲ့တဲ့ အာရုံကြောထိခိုက်တတ်။ ပိုလီယိုကဲ့သို့ ရုတ်တရက်ပျောက်ခွေ အကြောသေရောဂါကို ဆွဲပေးသလိုဖြစ်တတ်။ ဆေးမတည့်ရင် ရုတ်တရက်သေဆုံးတတ် (anaphylatic reaction) ပြီး မလိုအပ်ဘဲ ပိုးသတ်ဆေး(antibiotic) ထိုးရင် နောက်ပိုင်းရောဂါပြင်းထန်လို့ အဲဒီဆေးသုံးချင်ရင် ဆေးမတိုးတော့တဲ့ပြဿနာ ရင်ဆိုင်ရတတ်။ ဒါတွေက အကြမ်းဖျင်းပဲရှိသေးတာ၊ နောက်ထပ် ဆိုးကျိုးများစွာ ရှိသေးတယ်။

မလိုအပ်ဘဲ ကလေးတွေကို ဆေးထိုးနေကြတဲ့ ပြဿနာက ကျွန်တော်တို့နိုင်ငံတစ်ခုတည်းခံစားနေရတာမဟုတ်ဘူး။ အခြားဖွံ့ဖြိုးဆဲနိုင်ငံ၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံတွေမှာ အများဆုံးရင်ဆိုင်နေရတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးမှာ ကလေးတွေကို အသားဆေးထိုးနေကြတာရဲ့ ရာခိုင်နှုန်း ၅၀ က အန္တရာယ်မကင်းဖြစ်နေပြီး ၇၅ ရာခိုင်နှုန်းကျော်က မလိုအပ်ဘဲ ဆေးထိုးနေကြတယ်ဆိုတာ တွေ့ရှိရတယ်။

၂၀၁၄ ခုနှစ်တုန်းက အီရတ်နိုင်ငံမှာလုပ်ခဲ့တဲ့ လေ့လာမှုအရ ကလေးတွေမှာ ဆေးထိုးပြီး အာရုံကြောထိခိုက်တာတွေက ကလေးအသက်ငယ်လေ ပိုထိခိုက်လေဖြစ်ကြောင်း၊ ဘာဆေးတွေအထိုးခံရသလဲ လေ့လာကြည့်တော့ ပိုးသတ်ဆေး(antibiotic)နှင့် ကိုယ်ပူကျဆေး(antipyretic)အသုံးပြုမှုက ရာခိုင်နှုန်း ၉၀ ကျော်ကြောင်း၊ အာရုံကြောထိခိုက်တဲ့ ကလေးတွေရဲ့ ၁၅ ရာခိုင်နှုန်းသာ ပကတိ ပြန်လည်ကောင်းမွန်ပြီး ကျန် ၈၅ ရာခိုင်နှုန်းက အနည်းငယ်သာ သက်သာ (သို့မဟုတ်) လုံးဝ ပြန်လည်ကောင်းမွန်လာခြင်းမရှိကြောင်း၊ ဒါ့ကြောင့် ကာကွယ်နိုင်တဲ့ ကိုယ်အင်္ဂါ၊ မသန်စွမ်းမှုလျော့နည်းအောင် မဖြစ်မနေ အနေအထားမှလွဲ၍ ကလေးတွေကို အသားဆေးထိုးခြင်းကို တားမြစ်သင့်ကြောင်း တိုက်တွန်းထားတယ်။

အိမ်နီးချင်း အိန္ဒိယနိုင်ငံက ဆေးထိုးပြီး အာရုံကြောထိခိုက်တာကို ကလေးရော လူကြီးမှာပါ လေ့လာခဲ့တယ်။ ထိခိုက်သူ တစ်ရာကျော်ကို လေ့လာခဲ့တယ်။ ၉၀ ရာခိုင်နှုန်းကျော်က အကိုက်အခဲပျောက်ဆေးကြောင့် အာရုံကြောထိခိုက်ခံရကြောင်း၊ ကလေးတွေမှာ ပိုဖြစ်တတ်ကြောင်း၊ အာရုံကြောထိခိုက်ခံရသူတွေရဲ့ ရာခိုင်နှုန်း ၄၀ ခန့်က သေရာပါထိခိုက်ခံစားရကြောင်း၊ ဒါ့ကြောင့် ကလေးတွေမှာ မလိုအပ်ဘဲ အသားဆေးထိုးခြင်းကို တားမြစ်သင့်ကြောင်း အကြံပြုထားတယ်။

ဒါ့ကြောင့် ကျွန်တော့်ရဲ့ ဆေးပညာညီအစ်ကို မောင်နှမများအနေဖြင့် လည်း "ထိုးတော့တစ်ချက် ခံရော့တစ်သက်" မဖြစ်ရလေအောင် ကလေးလူနာတွေကို မဖြစ်မနေဆေးထိုးခြင်းမှအပ အသားဆေး(တင်ပါးဆေး) ထိုးပေးခြင်းကို ဆင်ခြင်သင့်ပါကြောင်း၊ တရားမဝင်ဆေးထိုးခြင်းနှင့် ဆေးကုသမှုပြုလုပ်နေတဲ့ ရမ်းကုတွေကိုလည်း နိုင်ငံတော်မှ တရားဥပဒေနှင့်အညီ ပြတ်ပြတ်သားသား အရေးယူသင့်နေပါပြီ။ ။

ကျွန်တော့်ရဲ့ ဆေးပညာညီအစ်ကို မောင်နှမများ အနေဖြင့်လည်း "ထိုးတော့တစ်ချက် ခံရော့တစ်သက်" မဖြစ်ရလေအောင် ကလေးလူနာတွေကို မဖြစ်မနေ ဆေးထိုးခြင်းမှအပ အသားဆေး (တင်ပါးဆေး) ထိုးပေးခြင်းကို ဆင်ခြင်သင့်ပါကြောင်း၊ တရားမဝင်ဆေးထိုးခြင်းနှင့် ဆေးကုသမှုပြုလုပ်နေတဲ့ ရမ်းကုတွေကိုလည်း နိုင်ငံတော်မှ တရားဥပဒေနှင့်အညီ ပြတ်ပြတ်သားသား အရေးယူသင့်နေပါပြီ။

ပြေလည်နိုင်မယ့် နည်းလမ်းကိုသာ ရှာကြစေလို

ခင်မောင်ဌေး(ပညာရေး)

နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်ကောင်းတွေ အများကြီး လိုပါတယ်။ အဲဒီခေါင်းဆောင်တွေကလည်း ခေါင်းဆောင်ကောင်းဖြစ်ကြဖို့လိုပါတယ်။ ခေါင်းဆောင်ကောင်းဆိုတာကတော့ အရည်အချင်းကောင်းတွေ များစွာလိုအပ်နေပါတယ်။

ခေါင်းဆောင်ကောင်းဆိုတာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ထက်သန်နေဖို့လိုပါတယ်။ အကျင့်ပျက် ခြစားမှုကင်းလို့ ကိုယ်ကျင့်တရားကလည်း ကောင်းမွန်နေရပါတယ်။ အရာရာကို စေ့စပ်သေချာလို့ နှိုင်းနှိုင်းချိန်ချိန် တွေးဆတတ်ဖို့လည်း လိုပါတယ်။ အဲဒီထဲမှာ အရေးကြီးဆုံးကတော့ မိမိတစ်နိုင်ငံတည်း ဝါးလုံးခေါင်းထဲ လသာနေလို့ မရနိုင်ပါဘူး။ နိုင်ငံတကာနဲ့ ကျေကျေလည်လည် ပေါင်းဖက်ဆက်ဆံနိုင်ဖို့လည်း လိုပါတယ်။

နိုင်ငံတကာနဲ့ ပေါင်းသင်းဆက်ဆံတဲ့နေရာမှာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အသင်းဝင်တွေ၊ ဒေသဆိုင်ရာ စာချုပ်စာတမ်းတွေ၊ ပဋိညာဉ်တွေစတဲ့ ဖြစ်စဉ်ပေါ်ပေါက်နေမှုပါဝင်ပတ်သက်နေမှုတွေကိုလည်း သတိချပ်မိဖို့လည်း အမြဲလိုနေပါတယ်။ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် ရပ်တည်နေပါလျက် ဘယ်လိုအဖွဲ့အစည်းတွေမှာ ပါဝင်နေမယ်၊ ဘယ်လိုပြဋ္ဌာန်းချက်တွေရှိမယ်၊ ဘယ်လိုလိုက်နာစောင့်ထိန်းရမယ်ဆိုတာ မသိပြန်ရင်လည်း အဲဒီခေါင်းဆောင်ရဲ့ နိုင်ငံဟာ နိုင်ငံတကာအလယ်မှာ အရှက်ရဖွယ်ဖြစ်နိုင်ပါတယ်။

မကြာသေးခင်ကပဲ မြန်မာနိုင်ငံ ရခိုင်အရေးနဲ့ ပတ်သက်ပြီး မလေးရှားနိုင်ငံမှာ ဝန်ကြီးချုပ် နာဂျစ်ကိုယ်တိုင်ဦးဆောင်ပြီး ဆန္ဒပြခဲ့ကြောင်း သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဝေဖန်ထောက်ပြမှုတွေအများအပြား ထွက်ပေါ်လာတာလည်း တွေ့ရပါတယ်။ အဓိက ထောက်ပြတဲ့ အချက်ကတော့ နိုင်ငံအကြီးအကဲ တစ်ယောက်အနေနဲ့ အာဆီယံပဋိညာဉ်ကို အတိအလင်းချိုးဖောက်ပြီး မြန်မာ့အရေးကို ဝင်ရောက်စွက်ဖက်လိုက်တဲ့ ကိစ္စပါပဲ။ အာဆီယံပဋိညာဉ် အခန်း ၂၊ မူဝါဒတွေရဲ့ ပုဒ်မ ၂၊ အဖွဲ့ဝင်နဲ့ အဖွဲ့ဝင် နိုင်ငံတွေလိုက်နာရတဲ့ မူဝါဒထဲမှာ အပိုဒ်ခွဲ (၈) အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဆိုတဲ့အချက်ကို ဖောက်ဖျက်ခဲ့တာပါပဲ။

ဆိုရရင် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေနဲ့ မိမိတို့ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့ ပဋိညာဉ်ကို မသိကျိုးကျွန်ပြုကာ ပြောင်ပြောင်တင်းတင်းချိုးဖောက်လိုက်ခြင်းဟာ ဘာသာရေးကို ဗန်းပြပြီး မိမိရဲ့ အကျင့်ပျက်ခြစားမှု၊ ကိုယ်ကျိုးရှာမှုတွေကို ဖုံးကွယ်ဖို့ ကြိုးစားလိုက်တာ ထင်ရှားနေတာပါပဲ။ ဝန်ကြီးချုပ်နာဂျစ် ကိုယ်တိုင်ကလည်း ယခင်မလေးရှားခေါင်းဆောင်ဟောင်း မဟာသီယာမိုဟာမက်ကိုယ်တိုင်က ရာထူးမှ နုတ်ထွက်ပေးဖို့တောင်းဆိုခံထားရသူပါ။ မလေးရှားကို ကယ်တင်ပါ။ "Save Malaysia" ဆိုတဲ့ လူထုလှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။ ဒါကလည်း နာဂျစ်ရဲ့ ဘဏ်စာရင်းထဲမှာ ဒေါ်လာသန်းခုနစ်ရာ တွေ့ခဲ့ခြင်းက စခဲ့ပါတယ်။ ဟိုက လျှုသလို ဒီက လျှုသလိုလို အကြောင်းပြု၊ ထိုင်းနိုင်ငံတောင်ပိုင်းအတွက်လိုလို၊ ပြည်တွင်းမွတ်စလင်တွေအတွက်လိုလို အမျိုးမျိုးပြောခဲ့ပါတယ်။

နိုင်ငံအတွင်း ရင်ဆိုင်နေရတာတွေကတော့ စီးပွားရေး စီမံခန့်ခွဲမှု အလွဲတွေ၊ လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် ဖိနှိပ်မှုတွေ၊ တရားမဝင် ဒေါ်လာသန်းချီပြီး လာဘ်စားမှုတွေ ပြုလုပ်ခဲ့တာကြောင့် နုတ်ထွက်ပေးဖို့ တောင်းဆိုနေကြတာပါ။ တကယ်တော့ ဝန်ကြီးချုပ်နာဂျစ်ဟာ သူ့နိုင်ငံအတွင်းမှာ နိုင်ငံရေးရော ပုဂ္ဂိုလ်ရေးအရပါ ပုံရိပ်မကောင်းလှသူပါ။ အဲဒီအချိန်မှာပဲ မိမိရဲ့ပုံရိပ်ကို ပြန်လည်အဖတ်ဆယ်ဖို့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ခုတုံးလုပ်ဖို့ ကြိုးစားလိုက်ခြင်းပါပဲ။

အမှန်တော့ ဝန်ကြီးချုပ်နာဂျစ်စွပ်စွဲသလို လူမျိုးသုဉ်းသတ်ဖြတ်နေမှုနဲ့ပတ်သက်ရင် အဓိကအချက်က သက်သေခိုင်လုံဖို့ သိသာထင်ရှားစွာ ပြသနိုင်ဖို့ လိုပါတယ်။ လူမျိုးသုဉ်း သတ်ဖြတ်ခံရတယ်ဆိုတာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကိုယ်တိုင်က ကြားဝင်ရလောက်တဲ့အထိ ကြီးကျယ်ရပါတယ်။ ပြီးတော့ နိုင်ငံတကာက ဝိုင်းဝန်းပိတ်ဆို့ အရေးယူခြင်းခံရတဲ့အထိ ပြစ်ဒဏ်ခံရနိုင်ပါတယ်။ ခုတော့ အဲဒီလို အခြေအနေမျိုးမဟုတ်သေးဘဲ ဒေသတွင်း နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ချိုးဖောက်ဝင်ရောက်လိုက်တာပါပဲ။

မူလနိုင်ငံအနေနဲ့ကလည်း ရခိုင်အရေးနဲ့ ပတ်သက်ရင် သတိကြီးစွာနှင့် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ကိုဖီအာနန် ဦးဆောင်တဲ့အဖွဲ့ နှစ်ကြိမ်တိုင် ရောက်ရှိသွားပါပြီ။ တွေ့သင့်တွေ့ထိုက်သူတွေအားလုံးနဲ့လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းနေကြပါတယ်။ နိုင်ငံတွင်းမှာလည်း နိုင်ငံတော် ဒုတိယသမ္မတတစ်ဦး ဦးဆောင်လျက် စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး ဆောင်ရွက်နေတာ တွေ့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ကလည်း သတိကြီးစွာထား၍ ပြောဆိုလုပ်ကိုင်နေရပါတယ်။ တချို့နေရာမှာတော့ "၁၉၈၂ ခုနှစ် ဥပဒေနဲ့ညီရင် ဘယ်သူ့ကိုမဆို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပါမယ်။ မညီရင်တော့ ဖြစ်ခွင့်ရမှာ မဟုတ်တော့ပါဘူး။ အဲဒါနဲ့ပတ်သက်လို့ ဘယ်နိုင်ငံရဲ့ ဖိအားကိုမှ ကြောက်ရွံ့နေမှာမဟုတ်ကြောင်း" ပြတ်ပြတ်သားသားပြောဆိုမှုတွေကိုလည်း တွေ့လာရပါတယ်။

မြန်မာနိုင်ငံတွင်းမှာ နေထိုင်ကြတဲ့ အစ္စလာမ်ဘာသာဝင်တွေအနေနဲ့ကလည်း နိုင်ငံတော်ရဲ့ ကြိုးပမ်းဖြေရှင်းနေမှုတွေကိုနားလည်ကြပါတယ်။ ဒါကြောင့်လည်း မလေးရှားဝန်ကြီးချုပ်နာဂျစ်ရဲ့ဥပဒေမဲ့ ပြောဆိုမှုတွေအပေါ် အစ္စလာမ်အဖွဲ့(ရှစ်ဖွဲ့)ရဲ့ ကန့်ကွက်လွှာတွေ ထုတ်ပြန်လာတာ တွေ့ရပါတယ်။ ဒါဟာ ဘာကိုပြသနေသလဲဆိုရင် ပြည်တွင်းက အစ္စလာမ်ဘာသာဝင်တွေအနေနဲ့လည်း အမှန်တရားနဲ့ တရားဥပဒေစိုးမိုးမှုကို လေးစားတန်ဖိုးထားတာကို ဖော်ပြနေတာပါ။

> **အခြေအနေအမှန်ကို ပြသနိုင်ဖို့၊ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ လုံးပန်းကြရပါလိမ့်မယ်။ ဒါ့အပြင် အိမ်နီးချင်းကောင်းပီသစွာ သံခင်း၊ တမန်ခင်းအားဖြင့်လည်း ဖြေရှင်းနိုင်တဲ့ ကိစ္စဖြစ်လို့ သွေးပူ သွေးမဆူကြဖို့ လိုပါတယ်။ မျက်ကန်း မျိုးချစ်စိတ်နဲ့ အခက်အခဲပြဿနာရပ်တွေကို မကျော်လွှားနိုင်သလို အကြမ်းဖက်ဖြေရှင်းနည်းတွေကလည်း နိုင်ငံ့ပုံရိပ်ကို ထိခိုက်စေနိုင်ပါတယ်။**

တကယ်တော့ မလေးရှားနိုင်ငံရဲ့ နိုင်ငံရေးလောကမှာ ဝန်ကြီးချုပ်ရဲ့ ကိုယ်ကျိုးရှာမှု၊ အကျင့်ပျက်ခြစားမှုတွေကြောင့် လူထုရဲ့ ကန့်ကွက်ဆန္ဒပြမှုတွေ မြင့်တက်နေတာပါ။ မဟာသီယာမိုဟာမက်ကိုယ်တိုင်က ဝန်ကြီးချုပ်နာဂျစ်ရဲ့ လုပ်ဆောင်မှုတွေကြောင့် "နိုင်ငံဟာ ဆိုးဆိုးရွားရွား ဖြစ်သွားပြီ။ ခေါင်းဆောင်မှုသိပ်ညံ့ဖျင်းတယ်။ ဒါကြောင့် မျိုးချစ်စိတ်နဲ့ အခက်အခဲ ပြဿနာရပ်တွေကို မကျော်လွှားနိုင်သလို အကြမ်းဖက် ဖြေရှင်းနည်းတွေကလည်း နိုင်ငံ့ပုံရိပ်ကို ထိခိုက်စေနိုင်ပါတယ်။

ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသလိုပါပဲ "ဖြစ်ပေါ်နေတဲ့ ပြဿနာကို ပုံကြီးမချဲ့ကြပါနဲ့၊ အဲဒီပြဿနာကို ဘယ်လိုပြေလည်အောင် ဖြေရှင်းနိုင်မလဲဆိုတာကို စဉ်းစားကြဖို့ပါ။" မှန်ပါတယ်။ ပိုပြီးချဲ့ကားနေကြရင် မဆုံးနိုင်တဲ့အဆိုးကျော့ သံသရာထဲက ထွက်နိုင်မှာ မဟုတ်ပါဘူး။ ခံစားရမှာက လူအုပ်စုတစ်စုတည်းမဟုတ်ပါ။ အုပ်စုနှစ်စု၊ အသိုက်အဝန်းနှစ်ခုကြား ဆုံးရှုံးနစ်နာမှုတွေ များနိုင်ပါတယ်။ ဒါကြောင့် ပြေလည်နိုင်မယ့်အကောင်းဆုံးဖြေရှင်းနည်းကိုသာ နှစ်ဖက်စလုံးအတွက် ဝိုင်းဝန်းစဉ်းစားပေးကြပါလို့သာ. . ။ ။

ပုဂံလျှင်ကြောင့် ထိခိုက်ပျက်စီးသော စေတီ၊ ပုထိုးများအနက် ၂၂၄ ဆူကို စတင်ပြုပြင်လျက်ရှိပြီး ပါဝင်လျှာ့ဒါန်းနိုင်

၂၀၁၆ ခုနှစ် သြဂုတ်လတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ပုဂံဒေသရှိ စေတီ၊ ပုထိုး ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ အနုပညာတန်ဖိုး၊ ဗိသုကာလက်ရာတန်ဖိုးကြီးမားသည့် ဘုရားကြီးများဖြစ်သည့် ပထမအဆင့် ၃၆ ဆူနှင့် ဒုတိယအဆင့် ၅၃ ဆူ စုစုပေါင်း ၈၉ ဆူကို နိုင်ငံတော်မှဦးစီး၍ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အနီးကပ်ပူးပေါင်းမှုဖြင့် တစ်ဆူချင်း ထပ်မံစစ်ဆေးအချိန်ယူကာ ပြုပြင်သွားမည်ဖြစ်ကြောင်း၊ သာမန်နှင့် အသေးစား ထိခိုက်ပျက်စီးသော တတိယအဆင့် အဆူ ၃၀၀ အနက်မှ ထပ်မံစိစစ်ရန် လိုအပ်သော ၇၆ ဆူအား အသေးစိတ်ထပ်မံစိစစ်နိုင်ရန် ခေတ္တချန်လှပ်၍ ကျန်ထိခိုက်ပျက်စီးမှုနည်းပါးသော စေတီ၊ ပုထိုး ၂၂၄ ဆူအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ စေတီ၊ ပုထိုးများသည် ယခင်လျှာ့ဒါန်းထားသည့် အလျှုရှင်များရှိသဖြင့် ၎င်းတို့ကို ဦးစားပေးလျှာ့ဒါန်းခွင့်ပြုမည်ဖြစ်ပြီး ယခင်အလျှုရှင်များအနေဖြင့် မိမိတို့လျှာ့ဒါန်းခဲ့သော စေတီ၊ ပုထိုးများပျက်စီးမှု ရှိ/မရှိ သိရှိလိုပါက Ministry of Religious Affairs and Culture. Facebook တွင်ဖြစ်စေ၊ Archdept Npt. Facebook တွင်ဖြစ်စေ ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း၍ဖြစ်စေ စုံစမ်းနိုင်ပါကြောင်း၊ ၂၀. ၁၂. ၂၀၁၆ ရက်နေ့နောက်ဆုံးထားကာ ထပ်မံလျှာ့ဒါန်းလိုခြင်း ရှိ/မရှိ ဆက်သွယ်မေးမြန်းအကြောင်းပြန်ကြားပေးရန်ဖြစ်ပါကြောင်း၊ ဆက်သွယ်လာမှုမရှိပါက ၂၀. ၁၂. ၂၀၁၆ ရက်နေ့မှစ၍ လျှာ့ဒါန်းလိုသည့် အခြားအလျှုရှင်များအားလက်ခံသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန် အသိပေးနှိုးဆော်အပ်ပါသည် -

	ခန့်မှန်း ကုန်ကျစရိတ် တွက်ချက်မှု	စေတီ၊ ပုထိုး
(၁)	ကျပ် (၃)သိန်းမှ (၁၀)သိန်းအတွင်း	၁၂၀ ဆူ
(၂)	ကျပ် (၁၁)သိန်းမှ (၂၀)သိန်းအတွင်း	၈၂ ဆူ
(၃)	ကျပ် (၂၁)သိန်းမှ (၃၀)သိန်းအတွင်း	၁၄ ဆူ
(၄)	ကျပ် (၃၅)သိန်း	၅ ဆူ
(၅)	အလျှုခံရန် မလိုအပ်သော ဘုရားများ	၃ ဆူ

ဆက်သွယ်မေးမြန်းလျှာ့ဒါန်းရန်ဌာနများ

- ဦးဇော်ဇော်ထွန်း၊ ညွှန်ကြားရေးမှူး (စီမံ/ ဘဏ္ဍာဌာနခွဲ)၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရုံးအမှတ်(၃၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၄၁၈ ၊ ၀၉-၇၉၉၁၁၆၀၀၉
-ဒေါ်ဥမ္မာအောင်၊ ညွှန်ကြားရေးမှူး ရန်ကုန်ဌာနခွဲ ၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဖုန်း-၀၁-၅၁၅၀၇၄၊ ၀၉-၄၉၂၁၁၂၀၀၊
-ဦးအောင်အောင်ကျော်၊ ညွှန်ကြားရေးမှူး (ပုဂံဌာနခွဲ)၊ ရေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဖုန်း-၀၆၁-၆၀၅၅၆၊ ၀၉-၄၄၄၀၄၇၁၂၃
-ဦးစိုးတင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့ ဖုန်း-၀၆၁-၆၀၂၆၁၊ ၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

မယ့်သမီးခီးစက်မှုလုပ်ငန်းနယ်မြေ စီမံကိန်းအပါအဝင် စီမံကိန်းလေးခုအတွက် MoU လက်မှတ်ရေးထိုး

ထားဝယ် ဒီဇင်ဘာ ၁၃

Sun And Rainbow ကုမ္ပဏီလီမိတက်နှင့် POWERCHINA International Group Limited တို့၏ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ထီးခီးဒေသ မယ့်သမီးခီးစက်မှုလုပ်ငန်းနယ်မြေစီမံကိန်း အပါအဝင် စီမံကိန်းလေးခုအတွက် MoU လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ DDPC Royal Palace Hall ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Sun And Rainbow ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးငွေဝိုး နှင့် POWERCHINA International Group Limited မှ Chief Representative in Myanmar , Mr Huang Xiaofeng (ဟွန်ရှောင်ဖန်း) တို့က MoU လက်မှတ်ရေးထိုးပြီး Noble Prince Co,Ltd မှ Director စောမိုက်ကယ်(ခေါ်)မူကယ်က သက်သေပြုလက်မှတ်ရေးထိုးသည်။

ထို့နောက် KNU (မြြတ်/ထားဝယ်) ခရိုင်ဥက္ကဋ္ဌ ဦးစောပိတုနှင့် POWERCHINA International Group Limited မှ Chief Representative in Myanmar , Mr Huang Xiaofeng (ဟွန်ရှောင်ဖန်း) တို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ KNU ကရင်အမျိုးသားအစည်းအရုံး(မြြတ်/ ထားဝယ်ခရိုင်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Sun And Rainbow ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးငွေဝိုးနှင့် အဖွဲ့ဝင်များ ၊ POWERCHINA International Group Limited မှ Chief Representative in Myanmar, Mr Huang Xiaofeng (ဟွန်ရှောင်ဖန်း)နှင့်အဖွဲ့ ဝင်များ၊ Noble Prince Co,Ltd မှ MD ESifh Director အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(မြြတ်/ဆက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သိုင်းသရုပ်ပြသပွဲသို့ တက်ရောက်အားပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Vertical Wind Tunnel ၌ သင်တန်းသားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၃

မြန်မာ့သိုင်းသရုပ်ပြသပွဲကို ယနေ့ နံနက်ပိုင်းတွင် မဂ်လာဒုံ တပ်နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စုပေါင်းတန်းစီကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အားပေးသည်။

သရုပ်ပြသပွဲတွင် သင်တန်းသား၊ သင်တန်းသူများက မြန်မာ့သိုင်းပညာကစားကွက်များ အနက်မှ စုပေါင်းကစားကွက် ခြောက်မျိုး၊ တစ်ကိုယ်တော်ကစားကွက် ငါးမျိုးနှင့် အတွဲလိုက်ပြကွက် သုံးမျိုးတို့ကို သရုပ်ပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့သိုင်းသရုပ်ပြသခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ချီးမြှင့်ငွေများ ပေးအပ်၍ မြန်မာ့သိုင်းအဖွဲ့ချုပ်မှ အဆင့်အလိုက် သတ်မှတ်ထားသည့် ခါးပတ်များနှင့် လေ့ကျင့်ရာတွင် အသုံးပြုသည့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများ ခင်းကျင်းထားမှုကို ကြည့်ရှုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မဂ်လာဒုံ တပ်နယ်ရှိ တပ်မတော်အရိုးအထူးကုဆေးရုံ၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်းထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသမှုအခြေအနေများကို မေးမြန်းပြီး အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏မိသားစုများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ၌ ခြေတုနှင့် လက်တု တိုင်းတာရေးဌာနတွင် တက်ရောက်ကုသလျက်ရှိသည့် ရှေ့တန်းစစ်ဆင်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးရုံအတွင်းရှိ ခြေတု၊ လက်တု အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မဂ်လာဒုံ တပ်နယ်တွင် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် Vertical Wind Tunnel ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးအတွက် မူဝါဒ ၆ ရပ်ချမှတ်ဆောင်ရွက်နေမှု၊ NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် လက်ကမ်းကြိုဆိုထားရှိမှု၊ အရှေ့မြောက်ဒေသတိုက်ပွဲဖြစ်စဉ်များ၌ နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ထိပါးလာမှု၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဒုတိယသမ္မတ (၁) ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် သွားရောက်စုံစမ်းစစ်ဆေးမှုဆိုင်ရာ ကိစ္စရပ်များအပြင် ပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ရာတွင် လူအခွင့်အရေး ချိုးဖောက်မှုများ မရှိစေရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဆိုးလ်အမျိုးသမီးတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာရေးထိုး

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ဆိုးလ်အမျိုးသမီးတက္ကသိုလ်တို့ အကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မြှင့်တင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်မွန်းလွဲပိုင်းက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိကိုရီးယားဘာသာဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် ဆိုးလ်အမျိုးသမီးတက္ကသိုလ်မှ ပါမောက္ခ Mr. Lee Jeong Tack တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ကိုရီးယားဘာသာဌာနမှူး ဆရာမ ဒေါ်စိန်စိန်အေးက "ဆိုးလ်အမျိုးသမီးတက္ကသိုလ်နဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဌာန အနေနဲ့ပထမအကြိမ် လက်မှတ်ရေးထိုးတာ ဖြစ်ပါတယ်။ နှစ်နိုင်ငံကျောင်းသား ကျောင်းသူ ဖလှယ်ပညာသင်ကြားဖို့ အစီအစဉ်နဲ့ နှစ်နိုင်ငံ ဆရာ ဆရာမတွေအကြား ဘာသာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုလုပ်ဆောင်ဖို့နဲ့အပြန်အလှန်သွားရောက်မှု အစီအစဉ်တွေ၊ လုပ်ငန်းညှိနှိုင်းမှုတွေ ပါဝင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အခမ်းအနားနှင့် အတူ ကိုရီးယားနိုင်ငံ Oesolhoe Association က ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဘာသာဌာနမှ ထူးချွန်ကျောင်းသူ ၁၀ ဦးတို့အား အမေရိကန်ဒေါ်လာ ၃၀၀ စီ ပေးအပ်သည်။

ထူးချွန်ဆုရရှိသည့် တတိယနှစ်ကျောင်းသူ မသီရိတင့်ဆွေက "ထူးချွန်ဆုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ ဘာသာစကားတစ်မျိုးထက်မက တတ်မြောက်ထားမှုက နိုင်ငံချင်း၊ လူမျိုးချင်း မတူတဲ့သူအချင်းချင်း ဆက်သွယ်ပြောဆိုတဲ့ အခါတစ်ဖက်လူရဲ့ဘာသာစကားကို မိမိက နားလည်ထားရင် ဆက်ဆံရေးပိုပြီးအဆင်ပြေမှာ ဖြစ်ပါတယ်။ ဘာသာစကားများများ ကျွမ်းကျင်စွာ တတ် မြောက် ထား ခြင်း က လည်း လုပ်ငန်းခွင် ဝင်ရောက်ရာမှာ အထောက်အကူအများကြီး ပြုစေမှာဖြစ်ပါတယ်"ဟု ပြောသည်။

Oesolhoe Association ဥက္ကဋ္ဌ Mr.Sung Nack Soo နှင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်တို့က ပညာသင်ထူးချွန်ရရှိသူများအား အောင်လက်မှတ်နှင့် ဆုငွေများ ပေးအပ်ကြသည်။

ကိုရီးယားဘာသာဌာနကို ပညာသင်ဆုပေးရန် ကမ်းလှမ်းသည့် ကိုရီးယားနိုင်ငံမှ အဖွဲ့အစည်းများ ရှိကြောင်း၊ လက်ရှိတွင် ညနေပိုင်း သင်တန်းများ၌ ကိုရီးယားဘာသာ စကားသင်တန်း တက်ရောက်သူများစွာရှိကြောင်း သိရသည်။

သတင်း - မြတ်စန္ဒီ
ဓာတ်ပုံ - ဇော်မင်းလတ်

တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

သာယာဝတီ ဒီဇင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က သာယာဝတီမြို့ ရာပြည့်လမ်းရှိ အဆိုပါ တရားရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ ရှေ့နေအသင်းနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အဆိုပါ တရားရုံးအဆောက်အအုံသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တို့တွင် နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၈၃၁ ဒသမ ၅၆၅ သန်းဖြင့် သာယာကြယ်စင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၁ရက်ထုတ် ကြေးမုံသတင်းစာ ရှေ့ဖုံးတွင်ဖော်ပြထားသော သက်ဝင်လှုပ်ရှား ရန်ကုန်မြို့၏လမ်းမများ သတင်းအညွှန်း စာမျက်နှာ ၈ အောက်ဆုံးစာပိုဒ် စာကြောင်းရေ (၄)တွင် "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

ပြည်တွင်းရေးရာ

ပြည်ပမီဒီယာတချို့တွင်ဖော်ပြနေသည့်သတင်းများအပေါ် လက်တွေ့မြေပြင်တွင် ကြုံတွေ့ရမှုနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးထွန်းမြတ်(အငြိမ်းစား-ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်)၏ ပြောကြားချက်များ

မောင်တော ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်သည့် ကော်မရှင်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာများအရောက် ဆက်လက်သွားရောက်ပြီး ဒေသခံ ရပ်မိရပ်ဖများ၊ မျက်မြင်တွေ့ရှိကြသူများနှင့် ပွင့်လင်းမြင်သာစွာ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိသည်။ အဆိုပါကော်မရှင်အဖွဲ့ စုံစမ်းစစ်ဆေးမှုများနှင့်ပတ်သက်ပြီး ခရီးစဉ်တွင် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် ပြည်ပမီဒီယာတချို့တွင်ဖော်ပြနေသည့် သတင်းများအပေါ် တကယ့်လက်တွေ့မြေပြင်တွင် ကြုံတွေ့ရမှုနှင့်စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်(အငြိမ်းစား-ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်)၏ ပြောကြားချက်များကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်-

ဦးထွန်းမြတ် (အငြိမ်းစား-ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်) စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်

မေး။ ။အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်းမှာ ကြက်ရိုးပြင်ကျေးရွာမှာရှိတဲ့ အသက်(၄၀)အရွယ် ကလေးခုနစ်ယောက်အမေဟာ ဘဂ်လားဒေ့ရှ်ကို ထွက်ပြေးတယ်လို့ ပြည်ပမီဒီယာတချို့က ဖော်ပြတာကို ဒီနေ့မနက် အင်တာနက်စာမျက်နှာမှာ တက်လာတာတွေ့ရပါတယ်။ အဲဒီအမျိုးသမီးက ကလေးခုနစ်ယောက်လည်း အသတ်ခံရတယ်။ ယောကျ်ားလည်း အသတ်ခံရတယ်လို့ ပြောထားတယ်လို့ သိရပါတယ်။ အဲဒီသတင်းအချက်အလက်နဲ့ပတ်သက်ပြီး ဆရာကြီးတို့ မြေပြင်မှာ လက်တွေ့လေ့လာတွေ့ရှိရတာနဲ့ ဘယ်လိုကွာခြားမှုရှိတယ်ဆိုတာကို လက်လှမ်းမီသလောက် ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။အဲဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဒီနေ့မနက် ပြည်ပသတင်းစာတွေမှာ ဖော်ပြထားတာကို အင်တာနက်သတင်းစာတွေမှာ တွေ့ရပါတယ်။ ပထမထွက်တဲ့သတင်းက ယူကေနိုင်ငံက သည်ဂါးဒီးယန်းအွန်လိုင်းစာမျက်နှာရယ်။ နောက်တစ်ခုက ဟောင်ကောင်ကသတင်းတစ်ခုမှာ ပါလာတာကို တွေ့ရတယ်။ သာမန်အားဖြင့်တော့ ဒါတွေက ကောလာဟလတွေ အမျိုးမျိုးထွက်တယ်ဆိုပြီးတော့ တော်တော်လေးဆိုးဆိုးရွားရွားရေးထားတာ တွေ့ရတယ်။ ဒုတိယသမ္မတကြီး ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေနဲ့ နယ်မှာ ဆင်းပြီး စေ့စေ့စုံစုံမလုပ်နိုင်ပေမယ့် ရောက်တုန်းတော့ ဒီကိစ္စကို လက်လှမ်းမီသရွေ့ အဲဒီဖြစ်စဉ်နဲ့ပတ်သက်ပြီးလည်း ကြက်ရိုးပြင်ရွာကို သွားရောက်ခဲ့ကြတယ်။ ပြည်ပသတင်းစာတွေ ရေးထားတာက ယေဘုယျအားဖြင့် သုံးမျိုးလောက်ရေးထားတယ်။ ပထမက အဲဒီအမျိုးသမီးရဲ့ ကလေးငါးယောက်ဆုံးရှုံးတယ်။ သူရဲ့ခင်ပွန်းနဲ့ ကလေးတစ်ယောက် အသတ်ခံရတယ်။ သူနဲ့ ကျန်တဲ့ကလေးတစ်ယောက်ကတော့ ဘဂ်လားဒေ့ရှ်ကို ရောက်သွားတယ်လို့ အဲဒီအမျိုးသမီးပြောတာကို ရေးထားတယ်။ သူကိုယ်တိုင်လည်း မုဒိမ်းကျင့်ခံရတဲ့အကြောင်း ရေးထားတယ်။ နောက်ပြီး ကြက်ရိုးပြင်ရွာထဲမှာ အိမ်ခြေ ၇၀၀ ခန့် မီးရှို့တယ်။ လူ ၁၀၀ ကျော်အသတ်ခံရတယ်။ မိန်းမတွေရော မုဒိမ်းကျင့် ခံရတယ်ဆိုပြီးတော့ ရေးထားတယ်။ အဲဒီရွာသွားရောက်ပြီး ဒေသခံတွေနဲ့ တွေ့ဆုံမေးမြန်းမှုတွေလုပ်ခဲ့တော့ သာမန်အားဖြင့် ဆိုရင် သူတို့က အစိုးရနဲ့ အစိုးရအဖွဲ့တွေနဲ့ ပတ်သက်လို့ ရှောင်နေတတ်ကြတယ်လို့ သိရတယ်။

ဒီနေ့မနက်တော့ တော်တော်များများပဲ တွေ့ခဲ့ရတယ်။ ကောင်းကောင်းမွန်မွန်ပဲ စကားပြောလို့ရပါတယ်။ ပြည်ပသတင်းမီဒီယာတွေရေးတာ ယုတ္တိရှိ၊ မရှိ ဆိုတာ သိရအောင် ဒီက ဒေသခံကို ရွာသားတွေ ဘယ်လောက် အသက်ဆုံးရှုံးသလဲဆိုတာ မေးကြည့်တယ်။ ပထမတော့ ပြောမယ်မထင်ဘူး။ ဒါပေမယ့် နောက်တော့ တစ်ယောက်ချင်း မေးကြည့်ကြတော့ ပြောတယ်။ သေသေချာချာဆိုရင် သူတို့ဆီမှာရှိတဲ့ ရွာလေးစုက လူဦးရေ ၁၀၅၀၀ လောက်ရှိပြီး အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာကြီးပေါ့။ သူတို့က သေဆုံးတဲ့သူတွေရဲ့ စာရင်းပေးလိုက်တယ်။ အဲဒီရွာက သေဆုံးတဲ့ယောကျ်ား ၁၀ ယောက်ရဲ့အမည်၊ အသက်စာရင်းတွေ အကုန်ရခဲ့တယ်။ ကလေးသုံးယောက်၊ ပြီးတော့ အမျိုးသမီးသုံးဦး သေဆုံးတယ်ဆိုတာ သူတို့ဆီကနေ ကြားသိခဲ့တယ်။ နောက်ပြီး သူတို့ကို ဆက်မေးပါတယ်။ မီးလောင်ခံရလို့ ကလေးငါးယောက်နဲ့ မိခင်တစ်ယောက်၊ အဖေနဲ့ ကလေးငါးယောက် အသတ်ခံရတာ ရှိသလားလို့မေးကြည့်တော့ မရှိဘူးပြောပါတယ်။ သတ်တာ မကြားမိဘူးလို့ ပြောပါတယ်။ အဲလိုဆိုရင် အမေတစ်ယောက်ထဲကနေပြီးတော့ ကလေးဘယ်နှယောက်နဲ့ သေဆုံးတာ ကြားဖူးသလဲဆိုတော့ သူတို့က အမေတစ်ယောက်နဲ့ ကလေးနှစ်ယောက် သေဆုံးသွားတယ်လို့တော့ ကြားတယ်။ ဖခင်နဲ့ သေတာတော့ မကြားဖူးတဲ့။ ဒါကိုကြည့်ရင် ဒီနေ့ပြည်ပသတင်းစာတွေမှာပါတာနဲ့ မညီဘူးဖြစ်နေတယ်။ ဒါကလည်း သူတို့ဆီက ထွက်ချက် ဖြစ်ပါတယ်။

ဒီထဲမှာ ကလေးတစ်ယောက်ကတော့ ကျည်ဆံထိမှန်တယ်။ မသေဘူးတဲ့။ ဒီမိသားစုကလည်း မဟုတ်ဘူးတဲ့။ ဒါဆို ကျွန်တော်တို့က သတင်းထဲမှာပါတဲ့ နော်အေးရှား (Noor Ayesha)ဆိုတဲ့ အမျိုးသမီးနဲ့ သူကလေးရဲ့ ဓာတ်ပုံကို ပြကြည့်တယ်။ အဲဒီအမျိုးသမီးနဲ့ ကလေးရဲ့ပုံကို ဒီရွာထဲမှာ ဘယ်သူမှ မမြင်ဖူးဘူး။ မသိကြဘူးလို့ ပြောတယ်။ လူဦးရေ ၁၀၀၀၀ ဝန်းကျင်ပဲရှိတော့ သိပ်မှမများတာ သိကြမှာပဲလို့ဆိုပြီး ဆက်မေးကြည့်တယ်။ လူကြီးတွေကိုချည်းမမေးဘဲ ကလေးတွေကို မေးကြည့်တော့ ကလေးတွေကလည်း မမြင်ဖူးဘူးလို့ပြောတယ်။ သူတို့ပြောနေတုန်း နောက်က အသက်(၂၀)လောက်ရှိတဲ့ ကောင်လေးတစ်ယောက်က သူတို့ဘာသာ စကားနဲ့ ကလေးတွေကို မြင်ဖူးတယ်လို့ပြော လိုက်ဆိုပြီးပြောတာကို အဲဒီဘာသာစကား နားလည်တဲ့ ဆရာဝန်တစ်ယောက်က ပြန်ပြောပြတယ်။

မေး။ ။ဆရာ့အနေနဲ့ လူမှုကွန်ရက်နဲ့ ပြည်ပသတင်းမီဒီယာတွေက ရေးသားထားတဲ့ အခုလိုသတင်းမျိုးကို အားလုံးသိအောင် ဘယ်လိုတုံ့ပြန်ချင်ပါသလဲ။

ဖြေ။ ။ဆိုလိုတာကတော့ ပြည်ပသတင်းစာတွေမှာရေးတဲ့ လူ ၁၀၀ ကျော်သေတယ်ဆိုတာတွေ၊ နောက်ပြီး အိမ်ခြေ ၇၀၀ ကျော်ကို ဖျက်ဆီးခံရတယ်ဆိုတာတွေ၊ အမျိုးသမီး ၅၀ ကျော်ကို မုဒိမ်းကျင့်တယ်ဆိုတာတွေက သူတို့ကိုယ်တိုင်ကို သိသလား။ မြင်သလားဆိုတော့ ဘယ်သူမှလည်း မသိဘူး။ ကြားတယ်ပဲ။ ဘယ်သူလဲဆိုတော့လည်း မသိကြဘူး။ သာမန်အားဖြင့် ကျွန်တော်တို့ ကော်မရှင်က ဒီကိစ္စတွေကို ဒီလောက်အသေးစိတ်ပြောဖို့ စိတ်မကူးပါဘူး။ ဒါပေမယ့် အခုဖြစ်နေတာက တော်တော်လေးဆိုးဆိုးရွားရွား ရေးထားတယ်။ ကြည့်ရတာကလည်း ယုတ္တိမတန်တဲ့ဟာတွေ ရေးထားတော့၊ မဟုတ်တမ်းတရားတွေ ရေးထားတော့ တိုင်းပြည်ပေါ်မှာ နစ်နာစရာ ကောင်းတဲ့ဟာတွေဖြစ်မှာစိုးရိမ်လို့ စုံစုံစိစိ စုံစမ်းမှု၊ စစ်ဆေးမှုမပြီးသေးပေမယ့် ဒီကနေ့ အခွင့်ကြုံတုန်း ပွင့်ပွင့်လင်းလင်းသိအောင်လို့ ဆိုတာရယ်၊ အထူးသဖြင့် ပြည်ပသတင်းမီဒီယာတွေကလည်း ကြားတဲ့အတိုင်း အဖျက်သဘောနဲ့ သတင်းဆိုးတွေက တော်တော်လေးများနေတာကြောင့်ရယ်ဆိုပြီး အားလုံးသိအောင် အခု ကြိုတင်ပြောထားရခြင်းဖြစ်ပါတယ်။

အမေး/အရေးနှင့်ဓာတ်ပုံ
တင်မောင်လွင်(မြန်မာ့အလင်း)

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ဒီဇင်ဘာလအတွင်း သယ်ယူပို့ဆောင်မည့် စားနပ်ရိက္ခာများ

နေပြည်တော် ဒီဇင်ဘာ ၁၃

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ဒီဇင်ဘာလအတွင်း သယ်ယူပို့ဆောင်မည့် စားနပ်ရိက္ခာများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ဒီဇင်ဘာလအတွင်း သယ်ယူပို့ဆောင်မည့် စားနပ်ရိက္ခာများ

ရက်စွဲ		ကျေးရွာ	ဆန်	ပဲ	ဆီ	ဆား	WSB+	WSB++	စုစုပေါင်း
၁၇-၁၂-၂၀၁၆		သဲချောင်း	၁၇,၉၆၈	၂,၃၉၆	၁.၁၉၈	၀.၂၀၀	၀.၁၀၂	၀.၇၆၂	၂၂,၆၂၆
၁၇-၁၂-၂၀၁၆		ဒါဘိုင်း	၁၃,၀၂၇	၁,၇၃၇	၀.၈၆၉	၀.၁၄၅	၀.၀၇၈	၀.၃၃၀	၁၆,၁၈၆
၁၇-၁၂-၂၀၁၆		ဘော်ဒူဖား	၁၃,၄၀၆	၁,၇၈၇	၀.၈၉၄	၀.၁၄၉	၀.၀၃၃	၀.၁၃၂	၁၆,၄၀၁
၁၇-၁၂-၂၀၁၆		ပေါက်တော	၁၉,၂၆၅	၂,၅၆၉	၁.၂၈၄	၀.၂၁၄	၀.၁၂၆	၀.၃၄၅	၂၃,၈၀၃
၁၇-၁၂-၂၀၁၆		အုန်းတောကြီး (၅)	၁၇,၅၅၀	၂,၃၄၀	၁.၁၇၀	၀.၁၉၅	၀.၂၇၀	၀.၇၈၉	၂၂,၃၁၄
၁၇-၁၂-၂၀၁၆		အုန်းတောကြီး (၄)	၁၁,၉၂၁	၁,၅၈၉	၀.၇၉၅	၀.၁၃၂	၀.၂၉၇	၀.၈၀၄	၁၅,၅၃၈
၆ ရက်မြောက်နေ့ စုစုပေါင်း			၉၃,၁၃၇	၁၂,၄၁၈	၆,၂၁၀	၁.၀၃၅	၀.၉၀၆	၃,၁၆၂	၁၁၆,၈၆၈
၁၉-၁၂-၂၀၁၆		သဲချောင်း	၃၁,၃၂၀	၄,၁၇၆	၂,၀၈၈	၀.၃၄၈	၀.၁၈၆	၀.၈၁၉	၃၈,၉၃၇
၁၉-၁၂-၂၀၁၆		ဒါဘိုင်း	၁၁,၃၈၁	၁,၅၁၇	၀.၇၅၉	၀.၁၂၆	၀.၀၇၅	၀.၃၆၆	၁၄,၂၂၄
၁၉-၁၂-၂၀၁၆		ဘော်ဒူဖား	၁၄,၇၅၆	၁,၉၆၇	၀.၉၈၄	၀.၁၆၄	၀.၀၃၃	၀.၀၀၀	၁၇,၉၆၄
၁၉-၁၂-၂၀၁၆		ပေါက်တော	၇,၃၉၈	၀.၉၈၆	၀.၄၉၃	၀.၀၈၂	၀.၂၂၂	၀.၁၅၉	၉,၃၄၀
၁၉-၁၂-၂၀၁၆		ဆေးသမကြီး	၈,၇၈၉	၁.၁၇၂	၀.၅၅၆	၀.၀၉၈	၀.၀၉၉	၀.၀၉၀	၁၀,၈၃၄
၁၉-၁၂-၂၀၁၆		အုန်းတောကြီး (၄)	၉,၂၇၅	၁,၂၃၇	၀.၆၁၈	၀.၁၀၃	၀.၁၆၈	၀.၅၁၀	၁၁,၉၁၁
၁၉-၁၂-၂၀၁၆		သက်ကယ်ပြင်	၃၁,၃,၂၀	၄,၁၇၆	၂,၀၈၈	၀.၃၄၉	၀.၃,၂၁	၀.၉,၃,၃	၃၉,၁၈၇
၇ ရက်မြောက်နေ့ စုစုပေါင်း			၁၁၄,၂,၃၉	၁၅,၂,၃၁	၇,၆၁၆	၁.၂၇၀	၁.၁၆၄	၂,၈၇၇	၁၄,၂,၃၉၇
၂၀-၁၂-၂၀၁၆		သက်ကယ်ပြင်	၃,၃.၀၆၂	၄,၄၀၈	၂,၂၀၄	၀.၃၆၇	၀.၃,၅၇	၀.၈၁၆	၄၁.,၂၁၄
၂၀-၁၂-၂၀၁၆		သိန်းဘုန်းတန်	၀.,၃၆၅	၀.၀၄,၉	၀.၀,၂၄	၀.၀၀၄	၀.၀၀၃	၀.၀၀,ဝ	၀.,၄,၄
၈ ရက်မြောက်နေ့ စုစုပေါင်း			,,,.,,,

မူဆယ်၊ လားရှိုးနှင့် ကျောက်မဲမြို့တို့တွင် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်၊ လားရှိုးနှင့် ကျောက်မဲမြို့နယ်တို့တွင် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်မှုအခြေအနေကို နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်ပါ ဇယားများမှာ အောက်ပါအတိုင်းဖြစ်သည်။

လားရှိုးမြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ

စဉ်	တည်နေရာ	ဖွင့်လှစ်သည့်နေ့	အိမ်ထောင်စု	လူဦးရေ		
				ကျား	မ	ပေါင်း
၁	လားရှိုးမြို့၊ ရပ်ကွက်(၁၂) မန်ဆူရှမ်းကျောင်း	၁၁-၁၂-၂၀၁۶	၂၉	၄၄	၅၉	၁၀၂
၂	လားရှိုးမြို့၊ ရပ်ကွက်(၉)နယ်မြေ(၃)အနောက်ပိုင်း ကချင်နှစ်ခြင်းအသင်းတော် ဘုရားရှိခိုးကျောင်း	၁၀-၁၂-၂၀၁۶	၂၀	၃۶	၄၃	၁၀၃
၃	လားရှိုးမြို့မရဲစခန်း ရဲသူရိန်ခန်းမ	၅-၁၂-၂၀၁۶		၂၁	၄၉	၇၀
၄	လားရှိုးမြို့၊ ရပ်ကွက်(၁၀) တောရကျောင်း	၁၁-၁၂-၂၀၁۶	၉	၉	၁۶	၃၄
၅	လားရှိုးမြို့၊ ရပ်ကွက်(၁၀) နယ်မြေ(၃)အတွင်းရှိ ဦးအိုက်မြင့်နေအိမ်	၁၁-၁၂-၂၀၁۶	၇	၁၃	၂၅	၄၅
၆	လားရှိုးမြို့၊ ရပ်ကွက်(၁၀) နယ်မြေ(၁۶)အတွင်းရှိ ဒေါ်စိုင်အောင်နေအိမ်	၁၁-၁၂-၂၀၁۶	၂	၂	၉	၁၃
၇	လားရှိုးမြို့၊ ရပ်ကွက်(၁၀) နယ်မြေ(၁۶)အတွင်းရှိ ဒေါ်အေးငြိမ်နေအိမ်	၁၁-၁၂-၂၀၁۶	၅	၅	၇	၁၂
	စုစုပေါင်း		**၇၂**	**၁၃၀**	**၂၁၂**	**၄၁၄**

မူဆယ်မြို့နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ

စဉ်	တည်နေရာ	ဖွင့်လှစ်သည့်နေ့	အိမ်ထောင်စု	လူဦးရေ		
				ကျား	မ	ပေါင်း
၁	နမ်ခွမ်ဘုန်းကြီးကျောင်း(နမ်ပမ်းကျေးရွာအုပ်စု)	၂၁-၁၁-၂၀၁۶		၈		၈
၂	အထက(၂) (ဟိုမွန်ရပ်ကွက်)	၂၃-၁၁-၂၀၁۶	၁၁၀	၃၂	၁၁၀	၁၄၂
၃	အမက(၄) (ဟိုမွန်ရပ်ကွက်)	၂၃-၁၁-၂၀၁۶	၁	၂	၃	၅
၄	စိန့်ပီတာ ဘုရားကျောင်း(ဟိုမွန်ရပ်ကွက်)	၂၃-၁၁-၂၀၁۶	၁၁	၁۶	၃၄	၅၀
၅	နှစ်ခြင်းဘုရားကျောင်း(စွမ်စော်ရပ်ကွက်)	၁-၁၂-၂၀၁۶	၃۶	၄၈	۶၉	၁၁၇
	စုစုပေါင်း		**၁၅၈**	**၁၀۶**	**၂၁۶**	**၃၂၂**

မှတ်ချက်။ မုံးကိုးမြို့ ဝိန်းဆိုင်ကျေးရွာဘုရားကျောင်းရှိ အိမ်ထောင်စု ۶၄ စု၊ ကျား ၁၄၉ ဦး၊ မ ၁၅၅ ဦး စုစုပေါင်း၃၀၄ ဦးတို့သည် (၂၈-၁၁-၂၀၁۶)ရက်နေ့မှစ၍ စစ်ဘေးရှောင်နေထိုင်လျက်ရှိပါသည်။

ကျောက်မဲမြို့၊ နောင်ချိုမြို့၊ သီပေါမြို့၊ နမ္မတူမြို့နှင့် မန်တုံမြို့နယ်များရှိ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ

စဉ်	မြို့နယ်	စစ်ဘေးရှောင်စခန်းနေရာ	စစ်ဘေးရှောင်ရောက်ရှိမှု				စစ်ဘေးရှောင်ထွက်ခွာမှု			
			အိမ်ထောင်စု	ကျား	မ	ပေါင်း	အိမ်ထောင်စု	ကျား	မ	ပေါင်း
၁	ကျောက်မဲ	ရပ်ကွက်(၈)၊ခမ္မစကူးကျောင်း	၃၃	۶၃	၉၀	၁၅၃				
၂	နောင်ချို	အုမ္မသီးရွာ၊ ဘုန်းကြီးကျောင်း	၇၈	၉၄	၁၂၃	၂၂၁				
၃	သီပေါ	မန်ကောင်းရွာ၊ အမက(၆)ကျောင်း	၃၅	၇၄	၄၈	၁၂၂				
၄	နမ္မတူ	ပန်ဟိုက်(၇)ရပ်ကွက်၊ ကချင်နှစ်ခြင်းဘုရားကျောင်း	၄၃	၈၂	၁၁۶	၁၉၈				
၅	နမ္မတူ	သတလ(၃)ရပ်ကွက်၊ ရိုမန် ကက်သလစ်ဘုရားကျောင်း	၃၄	၃၀	၄၅	၇၅				
၆	နမ္မတူ	ပန်ဟိုက်(၁)ရပ်ကွက်၊ ရွှေမြင်သာဘုန်းကြီးကျောင်း	၂၀၀	၃၃၉	၃၉၇	၇၃۶				
၇	နမ္မတူ	ဆိုက်ခေါင်ရွာ၊ ကချင်နှစ်ခြင်း ဘုရားကျောင်း	၂၀	၂၇	၄၁	۶၈	၃	၂	၁	၃
၈	နမ္မတူ	ပန်ဟိုက်(၈)ရပ်ကွက်၊ လီဆူဘုရားကျောင်း	၅၈	၁၂၃	၁၂၂	၂၄၅				
၉	မန်တုံ	ပါကထောင်ရပ်ကွက်			၁	၁				
		ပညာရေးမျှားရုံး၊ဝန်ထမ်းအိမ်ရာ								
		မန်ကန်ရွာ			၁	၁				
၁၀		မြို့မရပ်ကွက်၊အထကကျောင်း		၄	၃၇	၄၁				
	ခရိုင်ချုပ်စုစုပေါင်း		**၅၀၅**	**၈၃۶**	**၁၀၂၅**	**၁၈۶၁**				

စစ်ဘေးရှောင်လက်ကျန် အိမ်ထောင်စု(၅၀၂)စု၊ ကျား(၈၃၄)ဦး မ(၁၀၂၄)ဦး ပေါင်း(၁၈၅၈)ဦး

ကွတ်ခိုင်မြို့နယ် နမ့်ကွတ်ရွာနှင့်နမ့်ပလွန်းရွာအကြား လက်နက်ငယ်ထိမှန်ပြီး ပျက်စီးနေသည့် မော်တော်ယာဉ်တစ်စီးနှင့်အတူ အလောင်းတစ်လောင်းတွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် နမ့်ကွတ်ရွာနှင့် နမ့်ဖလွန်းရွာအကြား ရှုခင်းသာနေရာတစ်ဝိုက်တွင် ယာဉ်ကြောပိတ်ဆို့လျက်ရှိကြောင်း သတင်းအရ လမ်းဘေး၀ဲ/ယာ တစ်လျှောက်အား ဖြန့်ခွဲရှင်းလင်းစဉ် မိုင်တိုင်အမှတ် (၂၃၇/ ၃) အနီး ကားလမ်းဘယ်ဘက်ခြမ်း မီတာ ၃၀ ခန့်အကွာ လျှိုအတွင်း၌ ယာဉ်တစ်စီး တိမ်းမှောက်နေသည်ကို တွေ့ရှိရသဖြင့် ယာဉ်အား အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အသေးစိတ်စစ်ဆေးချက် အရ ယာဉ်အမှတ် MDY 6K/----- ပရိုဘောက်(အဖြူရောင်)ယာဉ်၏ အင်ဂျင်အဖုံး၌ လက်နက်ငယ် ကျည်ဖောက်ဝင်ထားသည့် အပေါက်သုံးပေါက်နှင့် ရှေ့လေကာမှန်၊ နောက်ပိတ်တံခါး မှန်များ ကြေမွပျက်စီးနေပြီး ယာဉ်မောင်းဖြစ်သူ မြစ်သားမြို့နေ ရဲမောင်(ဘ) ဦးသံချောင်းမှာ ဝမ်းဗိုက်တွင် လက်နက်ငယ်ကျည် ထိမှန်သေဆုံးနေသည်ကို တွေ့ရှိရသည်။

သေဆုံးသူအလောင်းအား သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကွတ်ခိုင်မြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် အလောင်းတစ်လောင်း၊ မိုင်းနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီ၄၅ မိနစ်ခန့်တွင် မုံးကိုးစခန်း၏ ခြံစည်းရိုးအနီးမှ MNDAA လက်နက်ကိုင် အလောင်း တစ်လောင်း၊ အမ် ၂၁ ကျည် အတောင့် ၂၀ နှင့် လက်ပစ်ဗုံး တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အလားတူ တပ်မတော်စစ်ကြောင်းသည် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် မုံးကိုးမြို့ ကိလာပကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာသို့ ရောက်ရှိ ရှင်းလင်းစဉ် ဟန်းကောအတွင်း ယမ်းအပြည့် ထည့်ထားသည့် လက်နက်ကိုင်အဖွဲ့များ ထောင်ထားသော ဒေသန္တရ လက်လုပ်မိုင်းတစ်ခုကို ရှာဖွေတွေ့ရှိ ရှင်းလင်းခဲ့သည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီ၄၅ မိနစ်ခန့်တွင်လည်း မုံးကိုးမြို့ ရပ်ကွက် (၆) အနီးရှိ ကြံတောအစပ်မှ အမ် ၂၂ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ၉၀၊ အာရ်ပီဂျီ ပို့ကျည် နှစ်တောင့်၊ ဒီတိုနေတာ ၁၁ ခုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောမြို့နယ်အတွင်း မိုင်းနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မယင်းတောင်နှင့် မျောတောင်အကြားတွင် နယ်မြေရှင်းလင်းစဉ် မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် မယင်းတောင်နှင့် မျောတောင်အကြား ယနေ့နံနက် ၉ နာရီတွင် တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် မယင်းတောင်၏ အရှေ့ဘက်မီတာ ၅၀၀ ခန့်အကွာ၌ မြေကြီးအတွင်းမြှုပ်ထားသည့် အသက်သွင်းပြီး ကား Piston ဖြင့် ပြုလုပ်ထားသောမိုင်းလေးလုံး၊ 3K 70AHC ဘက်ထရီတစ်လုံးနှင့် ဆေးမျိုးစုံ ဆာလာ အိတ်တစ်ထုပ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဝါယာသွယ်တန်းခြင်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်

မော်ဘီ ဒီဇင်ဘာ ၁၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁۶-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်ဝါယာသွယ်တန်းခြင်းလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း (၅/၂၀၁۶)ကို ဒီဇင်ဘာ ၁၂ ရက်က မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ကျေးရွာအုပ်စု ၃၉ အုပ်စုမှ သင်တန်းသား ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၅ ရက်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းသို့ တက်ရောက်လာသော သင်တန်းသားများအား နည်းပြဆရာများက စာတွေ့/လက်တွေ့ သင်ကြား ပို့ချခဲ့သည်။

ထွေးထွေး(မော်ဘီ)

ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပန်းပွဲတော်ကျင်းပမည်

ပြင်ဦးလွင် ဒီဇင်ဘာ ၁၃

ပြောင်းလဲလာသည့် ရာသီဥတုပေါ်မူတည်ပြီး ပန်းများကို အလှဆုံးစိုက်ပျိုးထားကြောင်း၊ ပွဲတော်ကာလအတွင်း ပန်းအလှ တစ်သိန်းခုနစ်သောင်း ပြသမည်ဖြစ်ပြီး ၂၅ ရာခိုင်နှုန်းခန့်သာ ပန်းအတုပါဝင်မည်ဖြစ်ကြောင်း၊ ကျန်ပန်းများမှာ ပန်းအစစ်များသာဖြစ်ကြောင်း၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်ကို ၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်ဆိုလျှင် (၁၀) နှစ်ပြည့်မြောက်ခဲ့ပြီး မြေဧက ၅၇ ဧကရှိကြောင်း၊ ပန်းပွဲတော်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ပြသသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက်မွန်းတည့် ၁၂ နာရီတွင် နိုင်ငံကျော်တေးသံရှင်များမှ Free Show ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း အမျိုးသားကန်တော်ကြီးဥယျာဉ် အမှုဆောင်ဒါရိုက်တာ ဦးဝေမျိုးအောင်က အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (၁၀)နှစ်ပြည့်နှင့် (၁၁)ကြိမ်မြောက် ပန်းပွဲတော်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ပြောကြားသည်။

ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်အတွက် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-စောပြည့်မှူး)

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်(၁၁)နှစ်ပြည့် ပန်းပွဲတော်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (၁၀)နှစ် ပြည့်အထိမ်းအမှတ်၊ တတိယအကြိမ်မြောက် ပန်းပွဲတော် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့် စာနယ်ဇင်းနှင့် သတင်းမီဒီယာများအား အသိပေးခြင်း အခမ်းအနားကို အမျိုးသားကန်တော်ကြီးဥယျာဉ် (Cafe Kandawgyi)၌ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ တတိယအကြိမ်မြောက် ပန်းပွဲတော် ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့်ပတ်သက်၍ အထက်မြန်မာပြည်ဓာတ်ပုံအသင်း အတွင်းရေးမှူး ဦးစစ်သွေးကျော်က ဓာတ်ပုံပြိုင်ပွဲစည်းကမ်းများနှင့် ဆုရွေးချယ်မှုများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိကြသော မြတ်မွန်(မန္တလေး)က ပထမ၊ အောင်ကျော်သူ(ပြင်ဦးလွင်)က ဒုတိယ၊ ဇော်မောင်မောင်ဦး(စန္ဒကူး)က တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကာ အထက်မြန်မာပြည်ဓာတ်ပုံ အသင်းသို့ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ အလျှောင်ပေးအပ်ရာ ဦးစစ်သွေးကျော်က လက်ခံရယူခဲ့သည်။

ထို့နောက် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ နှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သူ ဦးဇော်ဝင်း(သစ်တော ညွှန်ကြားရေးမှူး-ငြိမ်း)က အမှတ်တရစကားပြောကြားသည်။ အမျိုးသားကန်တော်ကြီး အမှုဆောင်ဒါရိုက်တာ ဦးဝေမျိုးအောင်က ဥယျာဉ်ဝင်ကြေးကို လူကြီး ကျပ် ၁၀၀၀၊ ကလေးကျပ် ၅၀၀ အဖြစ် သတ်မှတ်ထားသော်လည်း ပရဟိတအဖွဲ့များ၊ ကျောင်းသား ကျောင်းသူအဖွဲ့များ၊ လေ့လာရေးအဖွဲ့များအနေဖြင့် ဝင်ကြေးများလျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်များအား လူဦးရေ ၃၀ နှင့်အထက် ၁၀ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်၍ ရာသီဥတုသဘာဝနှင့်ကိုက်ညီသည့် ရှားပါးသတ္တဝါများနှင့် သမင်များမွေးမြူထားကြောင်း သတင်းမီဒီယာများအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယခုနှစ် (၁၁)ကြိမ်မြောက် ပန်းပွဲတော်အတွင်း ပြသသည့် ပန်းမျိုးများကို တရုတ်နှင့် ထိုင်းနိုင်ငံမှ မျိုးစေ့များဖြင့် စိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၈၁)

ဟားခါးမြို့ မြို့ကွက်သစ်ဖွင့်လှစ်ခြင်းနှင့် ဝတ်ပြုဆုတောင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်အားပေး

ဟားခါး ဒီဇင်ဘာ ၁၃

၂၀၁၅ ခုနှစ် ဇူလိုင် သြဂုတ်လများအတွင်း ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများ နေထိုင်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်နေရာချထားပေးခဲ့သော ဟားခါး-ဖလမ်းကားပေါ်ရှိ မြို့ကွက်သစ်ဖွင့်လှစ်ခြင်းနှင့် ဝတ်ပြုဆုတောင်းပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက အဆိုပါရပ်ကွက်၌ ကျင်းပသည်။

အဆိုပါ ဝတ်ပြုဆုတောင်းပွဲနှင့် ဖွင့်ပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အထိမ်းအမှတ် ကမ္ဘည်းကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် Dr.R.Mang Hre က အဖွင့်ဆုတောင်းပေးပြီး တရားဒေသနာတော်ကို သိက္ခာတော်ရဆရာတော် Rev. S Thawng Hmung က ဝေဋဿကြားခဲ့ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်တို့က ဒေသခံတိုင်းရင်းသား ပြည်သူများအား အားပေးစကားပြောကြားကြသည်။

အဆိုပါ ရပ်ကွက်တွင် အိမ်ခြေ ၆၉၇ ခု၊ အိမ်ထောင်စု ၉၄၈ စုနှင့် လူဦးရေ ၄၁၂၂ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

ခရိုင်(မြန်/ဆက်)

လူတိုင်း လူတိုင်းကျန်းမာဖို့ ဦးတည်အားထုတ်ကြိုးပမ်းမည်

ရန်ကုန် ဒီဇင်ဘာ ၁၃

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ လူတိုင်းကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီသောနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရုံးချုပ်၌ ကျင်းပခဲ့သည်။

ပွဲကျင်းပရခြင်းမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ နှစ်ပတ်လည်ညီလာခံတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်ကို လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစွာဆောင်ရွက်ခြင်းသည် ကမ္ဘာ့လုံခြုံမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော ဒေါက်တိုင်တစ်ခုဖြစ်ကြောင်း သဘောတူ ဆုံးဖြတ်ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၇ နိုင်ငံက မိမိတို့၏ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ဒီဇင်ဘာ ၁၂ ရက်ကို လူတိုင်းကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီသောနေ့အဖြစ် သတ်မှတ်၍ ဂုဏ်ပြုအခမ်းအနားများ ဆောင်ရွက်ကြသည်။

"ဆရာတို့ နိုင်ငံအနေနဲ့ကလည်း လူတိုင်း လူတိုင်း လူမျိုးဘာသာ၊ အဆင့်အတန်းခွဲခြားမှုမရှိဘဲ ကျန်းမာရေး လက်လှမ်းမီစွာ ရဖို့အတွက်ကို ပြည်သူတွေတော်တော်များများ သိဖို့လိုတယ်ဆိုတဲ့ အသိမျိုးနဲ့ ပြည်သူတွေ ပိုပြီးတော့ သိလာအောင် ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်"ဟု ဒေါက်တာ ဦးကျော်ကျော် စီမံချက်မန်နေဂျာ စေတနာဆေးခန်းများ စီမံချက်က ပြောသည်။

ယင်းအခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာ ဦးကိုကိုက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် ဒေါက်တာ ဂျေအမ်လူန (J. M Luna)က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က လူတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေးနေ့ ၂၀၁၆ ခုနှစ် ဆောင်ပုဒ်ဖြစ်သော 'လူတိုင်း လူတိုင်း ကျန်းမာဖို့ ဦးတည်အားထုတ်ကြိုးပမ်းပေး'အား ဆွေးနွေးတင်ပြခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်မှ စတင်ကာ တည်ထောင်ခဲ့ပြီး နာယက နှစ်ဦးနှင့် ဝါရင့် အငြိမ်းစား ဆရာဝန်ကြီးများ ပါဝင်သော အလုပ်အမှုဆောင် ကိုးဦးဖြင့် ဖွဲ့စည်းထားသည်။ ယင်းဖောင်ဒေးရှင်းသည် ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများမှ ဆောင်ရွက်သည့်နည်းတူ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုလူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကျန်းမာရေးကွန်ရက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရန် အခမဲ့ဆေးပေးခန်းများ ဖွင့်လှစ်ခြင်း၊ လိုအပ်သောဒေသရှိ ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ အထူးကုဆရာဝန်ကြီးများမှ ကွင်းဆင်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသကျန်းမာရေးဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးစီမံချက်များရေးဆွဲနိုင်စေရန် နည်းပညာပံ့ပိုးပေးခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် အစီအစဉ်များဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခင်ဇာလီ)

■

ဟသ်တဘူတာနယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်

ဟသ်တ ဒီဇင်ဘာ ၁၃

ရထားရဲတပ်ဖွဲ့ အမှတ်(၂၀) တပ်ခွဲ ဟသ်တ တပ်ခွဲမှူး ရဲအုပ်စိုးလွင် ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ နီးစပ်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က ဟသ်တဘူတာရှေ့၌ ဟသ်တဘူတာနယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဟသ်တဘူတာသို့ ခရီးသည်တင်ဆောင်ရောက်ရှိလာသော ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များအား လူ/ယာဉ်လိုင်စင်များ စစ်ဆေးခြင်းအပြင် မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

(ရထားရဲတပ်ဖွဲ့)

■

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်(ရွှေဈေး) ၈၅၉၀၀၀ - ၈၅၉၀၀၀ မန္တလေး(ရွှေဈေး) ၈၅၉၀၀၀ - ၈၅၉၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၆၅၀/၆၇၅ ကျပ်၊	၆၈၀/၆၉၅ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၆၈၀/၇၂၀ ကျပ်၊	၈၁၀/၈၁၅ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၅၀/၆၈၀ ကျပ်၊	၇၂၀/၇၅၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၇၀/၆၉၀ ကျပ်၊	၇၁၀/၇၂၅ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၃၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၄၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	-	၁၃၃၀. ၀
(ခ) ဥရောပ	တစ်ယူရို	-	၁၄၁၅. ၅
(ဂ) တရုတ်	တစ်ယွမ်	-	၁၉၂. ၅၆
(ဃ) ထိုင်း	တစ်ဘတ်	-	၃၇. ၃၈၁
(င) မလေးရှား	တစ်ရင်းဂစ်	-	၃၀၀. ၈၀
(စ) အိန္ဒိယ	တစ်ရူပီး	-	၁၉. ၇၂၇
(ဆ) ဂျပန်	တစ်ရာယန်း	-	၁၁၅၇. ၅
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	-	၁၁၄. ၃၅
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	-	၉၉၇. ၃၈
(ည) စင်ကာပူ	တစ်ဒေါ်လာ	-	၉၃၄. ၃၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

အုံ့အားသင့်ဖွယ်သစ္စာဖောက်မှုကို တွေ့မြင်ရမယ့် "Fast & Furious"

ဟောလီဝုဒ်ရဲ့အောင်မြင်တဲ့ အက်ရှင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Fast & Furious" ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို အစမ်းထုတ်လွှင့်ပြသခဲ့ရာမှာတော့ မမျှော်လင့်ထားတဲ့ အံ့ဩဖွယ်ရာ သစ္စာဖောက်မှုကို တွေ့မြင်ခဲ့ကြရကြောင်း အေ့စ်ရှိုးဘစ်ဇီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၁ ရက်က ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်ရှင်အမြည်းဟာ "Fast & Furious" ရုပ်ရှင်တွေရဲ့ ရှစ်ကားမြောက် ရုပ်ရှင်ဖြစ်ပြီး "The Fate of the Furious" လို့ အမည်ပေးထားပါတယ်။ ယင်းရုပ်ရှင်သစ်မှာ ပေါက်ကွဲမှုတွေနဲ့ အနောက်ကလိုက်ပါတိုက်ခိုက်မှုများစွာ ပါဝင်နေတာတွေ့ရပြီး အဆိုပါရုပ်ရှင်ရဲ့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဒေါမနစ်တော်ရက်တိုးအဖြစ် သရုပ်ဆောင်ထားတဲ့မင်းသား ဗင်ဒီဇယ်လ်ရဲ့ သစ္စာဖောက်မှုတွေကို တွေ့မြင်ခဲ့ရပါတယ်။

ဒွန်မ်ဟာ အဖွဲ့ကိုတာဝန်ပေးခြင်းခံရတဲ့ ကိစ္စတစ်ခုကိုလည်း အကြောင်းပြချက်မရှိခြင်းပယ်ကာ အဖွဲ့အပေါ် သစ္စာဖောက်ခဲ့ပါတယ်။ ဒါ့အပြင် အဆိုပါအစမ်းထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်ရဲ့နောက်ဆုံးမှာ ဒွန်မ်က ဇနီးဖြစ်သူရဲ့ရှေ့မှောက်မှာတင် ဇနီးကိုချန်ထားကာ အခြားအမျိုးသမီးတစ်ဦးနဲ့ ထွက်ခွာသွားပြီး မိသားစုအပေါ် လည်း သစ္စာဖောက်ခဲ့တာ တွေ့ရပါတယ်။

ယင်းရုပ်ရှင်သစ် "The Fate of the Furious" ကို အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၇ ခုနှစ် ဧပြီ ၁၄ ရက်မှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်အတွက် ရှေ့ကမ္ဘာလုံးဆုပေးပွဲ ဆန်ခါတင်စာရင်း ထုတ်ပြန်ကြေညာ

ဟောလီဝုဒ်ရဲ့အထင်ကရဆုပေးပွဲတစ်ခုဖြစ်တဲ့ ရှေ့ကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ထူးချွန်အနုပညာရှင်တွေနဲ့ ထူးချွန်တဲ့အနုပညာလက်ရာတွေအတွက် ဆန်ခါတင်စာရင်းကို ဒီဇင်ဘာ ၁၂ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း အမ်တီဗွီ ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုထွက်ပေါ်လာခဲ့တဲ့ ဆန်ခါတင်စာရင်းမှာလည်း ယခုနှစ်အတွင်းကျင်းပခဲ့တဲ့ အခြားသောရုပ်ရှင်ထူးချွန်ဆုပေးပွဲတွေမှာ အမည်စာရင်းအများဆုံး တင်သွင်းဖော်ပြခြင်းခံထားရတဲ့ ဂီတရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "La La Land" ရုပ်ရှင်ကပဲ ဆန်ခါတင်စာရင်းကို ဦးဆောင်ခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါစာရင်းမှာ ထူးခြားတာက အခြားထူးချွန်ဆုတွေမှာ ရွေးချယ်ဖော်ပြခြင်း အနည်းငယ် သာရရှိခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင် "Deadpool" ဟာလည်း ဆန်ခါတင်စာရင်းမှာ ဆုနေရာအများဆုံးအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ရုပ်ရှင်တစ်ကားဖြစ်တာကို တွေ့ရပါတယ်။

အော်စကာဆုပေးပွဲကြီးရဲ့ ရှေ့ပြေးလို့ဆိုနိုင်တဲ့ ရှေ့ကမ္ဘာလုံးဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် အကောင်းဆုံးဇာတ်ဆောင်ဆု ဆန်ခါတင်စာရင်းမှာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ "Critics' Choice Awards" ဆုပေးပွဲမှာ ထူးချွန်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့တဲ့ မင်းသား ကာဇီအက်ဖလက်နဲ့ မင်းသမီး နာတာလီ ပေါ့ထ်မန်းတို့ ပါဝင်တာတွေ့ရပါတယ်။ ဒါ့အပြင် ဂီတနဲ့ ဟာသရုပ်ရှင်တွေအတွက် ပေးအပ်သွားမယ့် အကောင်းဆုံး သရုပ်ဆောင်ဆုအတွက်ဖော်ပြခဲ့တဲ့စာရင်းမှာတော့ "La La Land" ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသမီး အမ်မာစတုန်းနဲ့ ဇာတ်ဆောင်မင်းသား ရှိုင်ယန်ဂေါ့စ်လင်းတို့ ပါဝင်ပြီး "Deadpool" ရုပ်ရှင်ရဲ့ မင်းသား ရှိုင်ယန်ရေးနော့စ်လည်း ပါဝင်နေတာတွေ့ရပါတယ်။ အကောင်းဆုံးဇာတ်ပို့ဆုစာရင်းမှာတော့ တစ်ချိန်ကထိပ်တန်းမင်းသမီးတစ်ဦးဖြစ်ခဲ့တဲ့ နီကိုးလ်ကစ်ဒ်မန်းက "Lion" ရုပ်ရှင်နဲ့ အမည်စာရင်းတင်သွင်းဖော်ပြခြင်း ခံထားရပါတယ်။

အကောင်းဆုံးတေးသီချင်းတွေအဖြစ် "Trolls"ရုပ်ရှင်ရဲ့တေးသီချင်း Can't Stop the Feeling ကလည်းကောင်း၊ "La La Land " ရုပ်ရှင်ရဲ့ တေးသီချင်း City of Stars ကလည်းကောင်း၊ "Sing" ရုပ်ရှင်ရဲ့တေးသီချင်း Faith ကလည်းကောင်း၊ "Gold" ရုပ်ရှင်ရဲ့တေးသီချင်း Gold ကလည်းကောင်း၊ "Moana" ရုပ်ရှင်ရဲ့တေးသီချင်း How Far I'll Go ကလည်းကောင်း အသီးသီးဆန်ခါတင်စာရင်းမှာ ဖော်ပြခြင်းခံထားရပါတယ်။ အကောင်းဆုံး ရုပ်သံဇာတ်လမ်းတွဲတွေရဲ့ ဆန်ခါတင်စာရင်းမှာတော့ ရာဇဝင်တိုက်ခိုက်ရေးရုပ်ရှင် "Game of Thrones" ပါဝင်တာ တွေ့ရပါတယ်။

ဟောလီဝုဒ်ရုပ်ရှင်လောကရဲ့ အကြီးကျယ်ဆုံးသော ရုပ်ရှင်ထူးချွန်ဆုပေးပွဲလို့ဆိုနိုင်တဲ့ အော်စကာဆုပေးပွဲကြီးကို လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပသွားမှာဖြစ်ပြီး လာမယ့် (၇၄)ကြိမ်မြောက် ရှေ့ကမ္ဘာလုံးဆုပေးပွဲကိုတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်မှာ ကျင်းပပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

Critics' Choice Awards ဆုပေးပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီး

နှစ်စဉ်ကျင်းပမြဲ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ Critics' Choice Awards ဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၁ ရက် ညပိုင်းက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲကြီးကို အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မှာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်နယ်ပယ်မှာ ထူးချွန်တဲ့အနုပညာရှင်တွေနဲ့ အနုပညာ လက်ရာတွေအတွက် ထူးချွန်ဆုပေါင်း ၄၀ ကို ယခုနှစ် ဆုပေးပွဲကြီးမှာ ပေးအပ်ခဲ့ပါတယ်။

ယခုနှစ်ရဲ့ဆုပေးပွဲကြီးမှာ ဆုပေါင်း ၁၂ ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံထားရတဲ့ တေးဂီတရုပ်ရှင် "La La Land" ကတော့ အကောင်းဆုံးဓာတ်ပုံဆုအပါအဝင် ဆုပေါင်းရှစ်ဆုကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်အဖြစ် အသက် (၃၅)နှစ်အရွယ် မင်းသမီး နာတာလီ ပေါ့ထ်မန်းက "Living" ရုပ်ရှင်နဲ့ ရယူနိုင်ခဲ့ပါတယ်။ အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကိုတော့ အသက် (၄၁)နှစ်အရွယ် မင်းသား ကာဇီအက်ဖလက်က "Manchester By The Sea" ရုပ်ရှင်နဲ့ ဆွတ်ခူးသွားခဲ့ပါတယ်။

ယခုနှစ်ဆုပေးပွဲဟာ (၂၂)ကြိမ်မြောက်ဆုပေးပွဲဖြစ်ပြီး နှစ်စဉ်ကျင်းပလေ့ရှိတဲ့အချိန်ထက် တစ်လခန့်စောကာ ကျင်းပခဲ့တာလည်း ဖြစ်ပါတယ်။ ■

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၄-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅	မြန်မာ့ငွေကြေးစျေးကွက်ဆိုင်ရာ စကားပိုင်း
၈း၃၅	"စိုက်ပျိုးရေးရာအဖြေရှာ"တောင်သူများအတွက် ဝန်ဆောင်မှုပေးမှာစက်မှုလယ်ယာ (အမှတ်(၈၇)စက်မှုလယ်ယာစခန်း၊ ဖြူးမြို့)
၉း၃၅	ပြည်သူ့နီတိ "သူ့စကားလည်းနားထောင်ပေးပါ" (ပေါ်လေး၊ ကျော်ဇေသော်၊ သူရဇ၊ ကျော်ရဲကြည်၊ ပန်းသော်တာ၊ အိမ်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို)
၁၀း၃၅	"အဖိုးတန် မြန်မာ့သဘာဝ သယံဇာတ (အင်ကြင်းကျောက်)
၁၁း၁၅	"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထူးအစီအစဉ်"(အပိုင်း-၁၄)
၁၁း၃၅	မြန်မာ့ရုပ်မြင်သံကြား ပညာရေး အစီအစဉ်
၁၂း၃၅	"နတ်လူသာခုခေါ်စေသော်"
၁း၂၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၆၁)
၂း၁၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ(တူးတူး)
၂း၃၅	Sunday Talk
၃း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ"တုံ့မယူလို" (အပိုင်း-၆၁)
၄း၃၅	မြန်မာ့ရိုးရာလက်ဝှေ့ (စောထူးအောင်နှင့် ရွှေကျည်ဆံ)
၅း၁၅	Football Magazine
၅း၃၅	NHK Programme"ရေပုတ်သင်များကို စူးစမ်းလေ့လာခြင်း" (သန္ဓေအောင်"ဥ"တစ်လုံးမှ အသက်ရှင်နေထိုင်ရာဘဝဆီသို့)
၅း၅၀	"သဘာဝဘေးအန္တရာယ် ကြိုတင်သိရှိကြပါစို့" (ဝေဠုကျော်၊ မိုးလရောင်၊ ဧကရီစုစံ၊ မျိုးမျိုးခိုင်၊ တီကောင်)(ဒါရိုက်တာ-ယွန်း)
၆း၃၅	ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဒေါ်အေးခကြီး နှုတ်ပိတ်ခံရခြင်း" [(ဒေါ်ခင်ခင်ကြီး၊ ဟန်နီမောင်မောင်၊ ရှိန်း) (ဒါရိုက်တာ-သိမ်းဝိုး(သီဟရတနာ)]
၇း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို"(အပိုင်း-၆၂)
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
	"၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားပြိုင်ပွဲ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၆၂) ဂီတသမား၊ ဂီတစကား"သုံးရာသီ ခေါင်းစဉ်နှင့် ခေတ်ဟောင်းတေး"
၅း၅၀	"ဘဘဝေါဟာရ ကြိုတင်ပြင်ဆင်ကြပါစို့" (ကိုကိုမောင်၊ ကိုကိုမောင်ကြီး)
၆း၁၀	ကျန်းမာရေးနှင့် ဘဝ
၆း၂၀	ကျန်းမာရေးနှင့် ဘဝ
၆း၃၀	ကျန်းမာရေးနှင့် ဘဝ
၇း၀၀	ရုပ်ရှင်ကဏ္ဍ
၇း၁၀	ရုပ်ရှင်ကဏ္ဍ
၇း၂၀	ရုပ်ရှင်ကဏ္ဍ
၈း၀၀	ရုပ်ရှင်ကဏ္ဍ
၈း၁၀	ရုပ်ရှင်ကဏ္ဍ
၈း၂၀	ရုပ်ရှင်ကဏ္ဍ
၈း၃၀	ရုပ်ရှင်ကဏ္ဍ
၉း၀၀	ရုပ်ရှင်ကဏ္ဍ
၉း၁၀	ရုပ်ရှင်ကဏ္ဍ
၉း၂၀	ရုပ်ရှင်ကဏ္ဍ
၉း၃၀	ရုပ်ရှင်ကဏ္ဍ
၁၀း၀၀	ရုပ်ရှင်ကဏ္ဍ
၁၀း၁၀	ရုပ်ရှင်ကဏ္ဍ
၁၀း၂၀	ရုပ်ရှင်ကဏ္ဍ
၁၀း၃၀	ရုပ်ရှင်ကဏ္ဍ

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

မြဝတီရုပ်မြင်သံကြား

၁၄-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်	၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၁၆	မေတ္တာပို့	၆း၁၀	အမျိုးသားရေးတေးကဗျာ
၇း၂၀	ဓမ္မပုဇာတေး	၆း၁၅	Top Magic
၈း၄၅	ဇာတ်လမ်းတို	၆း၃၅	ဘဝများ
၁၀း၁၀	Made In Myanmar	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံသရာတစ်ကွေ့ဝယ်
၁၀း၂၅	သာယာသီကြွေး ခေတ်ဆန်းတေး		
၁၀း၃၅	Journal Talk		
၁၀း၄၅	သီချင်းလက်ဆောင်		
၁၀း၅၅	Liked		
၁၁း၁၀	မြန်မာ့ရှေခင်း		
၁၁း၄၀	Sport Review		
၁၂း၀၀	ခရီးလည်းသွားစကားလည်းဆို		
၁၂း၁၅	DVD Hits		
၁၂း၂၅	လူတိုင်းကျန်းမာသိမှတ်စရာ		
၁၂း၃၅	နှစ်(၇၀)ကျော်ကြားတေးများ		
၄း၂၅	ရှေးဟောင်းသုတ		
၄း၄၀	သီချင်းလက်ဆောင်		
၄း၅၅	ယနေ့ရန်ကုန်မြင်ကွင်းစုံ		
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း		
၆း၁၀	အမျိုးသားရေးတေးကဗျာ		
၆း၁၅	Top Magic		
၆း၃၅	ဘဝများ		
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံသရာတစ်ကွေ့ဝယ် အပိုင်း(၁၀)		
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ		
	နိုင်ငံတကာသတင်း		
	မိုးလေဝသသတင်း		
	ရယ်စရာပျော်စရာဟာသကမ္ဘာ		
	ယနေ့ညအတွက်မြဝတီ		
	တေးလက်ဆောင်		
	မြဝတီရုပ်မြင်သံကြားသတင်း		
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ဆန်သောကျောင်း အပိုင်း(၁)		

အားကစား

ရီးယဲလ်တိုက်စစ်မျှူး စီရိုနယ်လ်ဒို ဘလွန်းဒီအောဆု လေးကြိမ်မြောက်ဆွတ်ခူး

ရီးယဲလ်မက်ဒရစ်တိုက်စစ်မျှူး စီရိုနယ်လ်ဒိုဟာ သူ့ရဲ့အဓိကပြိုင်ဘက် ကစားသမားတစ်ဦးဖြစ်တဲ့ ဘာစီလိုနာ တိုက်စစ်မျှူး လီယွန်နယ်မက်ဆီကို ကျော်ဖြတ်ပြီး ဖီဖာရဲ့ ကမ္ဘာ့အကောင်းဆုံး ကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ၂၀၁၆ ဘလွန်းဒီအောဆုကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် အခုတစ်ကြိမ်ဟာ သူ့အတွက် လေးကြိမ်မြောက်ဆွတ်ခူးခဲ့တဲ့ ဘလွန်းဒီအောဆုလည်း ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် အသက်(၃၁)နှစ်အရွယ်ရှိ ပေါ်တူဂီစူပါစတားစီရိုနယ်လ်ဒိုရဲ့ ဘလွန်းဒီအောဆုရရှိမှုမှာ မက်ဆီရဲ့နောက်မှာသာ ရှိနေခဲ့ပြီး မက်ဆီကတော့ ဘလွန်းဒီအောဆုကို ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းက ပြင်သစ်ကြယ်ပွင့် ဂရစ်ဇ်မန်းကတော့ ယခုပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုအတွက် ရေပန်းစားခဲ့တဲ့ ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပေမယ့် တတိယနေရာနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ တိုက်စစ်မျှူး စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလီဂ်ဖလားရယူနိုင်ခဲ့သလို ပေါ်တူဂီအသင်းအတွက်လည်း ယူရို ၂၀၁၆ ဆုဖလားရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် အခု ဘလွန်းဒီအောဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရီးယဲလ်တိုက်စစ်မျှူး စီရိုနယ်လ်ဒိုဟာ ဘလွန်းဒီအောဆုကို ၂၀၀၈၊ ၂၀၁၃၊ ၂၀၁၄ နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ဘာစီလိုနာတိုက်စစ်မျှူး မက်ဆီကတော့ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ နဲ့ ၂၀၁၅ ခုနှစ်တို့မှာ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

"ဒီလိုကမ္ဘာ့အကောင်းဆုံးကစားသမားကိုပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို လေးကြိမ်အထိ ရယူဆွတ်ခူးနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးထားခဲ့ပါဘူး။ အခုလိုရရှိလာတဲ့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိသလို ဂုဏ်ယူပျော်ရွှင်မှုတွေလည်း ခံစားရပါတယ်။ နိုင်ငံလက်ရွေးစင်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းက ကစားဖော်တွေနဲ့ ပရိသတ်တွေအားလုံးရဲ့ ကျေးဇူးကြောင့် ဒီလို ဆုရရှိဖို့ ဖြစ်လာခဲ့တာပါ"ဟု ဆုပေးပွဲအပြီးတွင် စီရိုနယ်လ်ဒိုက ပြောကြားခဲ့ပါတယ်။

တိုက်စစ်မျှူး စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းဂိုး ၅၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သလို ယခုနှစ်ဘောလုံးရာသီမှာလည်း နိုင်ငံအသင်းအတွက်ရော ကလပ်အသင်းအတွက်ပါ ပွဲပေါင်း ၂၀ ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးထားပါတယ်။

ဘလွန်းဒီအောဆုကို ကမ္ဘာတစ်ဝန်းမှ သတင်းစာပညာရှင် ၁၇၃ ဦးတို့က မဲပေးရွေးချယ်ခဲ့တာဖြစ်ပြီး ဆန္ဒမဲ ၇၄၅ မဲရရှိခဲ့ကာ ဘာစီလိုနာတိုက်စစ်မျှူး မက်ဆီထက် ဆန္ဒမဲ ၄၂၉ မဲပိုမိုရရှိခဲ့တာကြောင့် စီရိုနယ်လ်ဒိုက ဒီဆုကို ရရှိခဲ့တာ ဖြစ်ပါတယ်။ ဘလွန်းဒီအောဆုရှင် စီရိုနယ်လ်ဒိုရဲ့ ရီးယဲလ်ကစားဖော် ဂါရတ်ဘေးလ်ကတော့ မဲပေးရွေးချယ်မှုမှာ အဆင့် (၆)နေရာမှာသာ ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

အခုပေးအပ်ချီးမြှင့်တဲ့ဆုကို ၁၉၅၆ ခုနှစ်ကစတင်ပြီး ပြင်သစ်ဘောလုံးမဂ္ဂဇင်းကြီးက နှစ်စဉ်နှစ်တိုင်း ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပေမယ့် လွန်ခဲ့တဲ့ခြောက်နှစ်ကစလို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)နဲ့ ပူးပေါင်းကာ ဖီဖာ ဘလွန်းဒီအောဆုဖြစ်လာခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားကို ရွေးချယ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြင်သစ်ဘောလုံးမဂ္ဂဇင်းကြီးက အဆိုပါဆုအတွက် ပူးပေါင်းဆောင်ရွက်မှုကို စက်တင်ဘာလမှာ အဆုံးသတ်သွားခဲ့ပါတယ်။

ဖီဖာအနေနဲ့ကတော့ ကမ္ဘာ့အကောင်းဆုံးကစားသမား၊ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမားနဲ့ တစ်နှစ်တာ အကောင်းဆုံးအသင်းတို့ကို ဇန်နဝါရီ ၉ ရက်မှာ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပမယ့် ဖီဖာရဲ့ဘောလုံးလောက အကောင်းဆုံးဆုရှင်များကို ပေးအပ်ချီးမြှင့်တဲ့ ဆုပေးပွဲအခမ်းအနားမှာ ဖီဖာရဲ့ ကိုယ်ပိုင်ဆုအဖြစ် ပေးအပ်ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ **(ငွေကြယ်)**

ချန်ပီယံလီဂ်နှင့် ယူရိုပါလီဂ် မဲခွဲဆုံးဖြတ်မှုများမှ ထူးခြားချက်များ

ဒီဇင်ဘာ ၁၂ ရက်တွင် ချန်ပီယံလီဂ် ၁၆ သင်းအဆင့်နှင့် ယူရိုပါလီဂ် ၃၂ သင်းအဆင့် မဲခွဲဆုံးဖြတ်မှုများကို ပြုလုပ်ခဲ့ရာ ပြိုင်ပွဲနှစ်ရပ်စလုံးမှ ထူးခြားချက်များကို တွေ့ရှိခဲ့ရသည်။ ချန်ပီယံလီဂ် မဲခွဲဆုံးဖြတ်မှုတွင် ယခုနှစ် အုပ်စုပိုလ်အနေအထားဖြင့် ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့သည့် အာဆင်နယ်သည် ဘိုင်ယန်မြူးနစ်ကဲ့သို့ အသင်းကြီးနှင့် တွေ့ဆုံနေသဖြင့် ကံဆိုးမှုတစ်ရပ်ဖြစ်လာမည်လားဆိုသည်ကို စဉ်းစားစရာဖြစ်သည်။

အာဆင်နယ်သည် ၂၀၁၃ ခုနှစ်မှစတင်၍ ၁၆ သင်းရှုံးထွက်အဆင့်သို့ အုပ်စုဒုတိယနေရာဖြင့်သာ တက်ရောက်နိုင်သဖြင့် အုပ်စုပိုလ်အသင်းများဖြစ်သည့် ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာတို့ကဲ့သို့ အသင်းကြီးများသို့ တွေ့ဆုံရလေ့ရှိရာ ၁၆ သင်းအဆင့်ဖြင့်ပင် အောင်ဖျာလိပ်ခဲ့ရသည်။ အာဆင်နယ် ယခုနှစ်တွင် အုပ်စုပိုလ်နေရာဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း အာဆင်နယ်နည်းပြ ဝင်းဂါးက ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်မက်ဒရစ်ကဲ့သို့ အသင်းများ အုပ်စုဒုတိယနေရာသာရရှိခဲ့သဖြင့် ခက်ခဲသည့် မဲခွဲမှုကို မျှော်လင့်ထားကြောင်း အစောပိုင်းကပင် ပြောကြားထားပြီး ဖြစ်သည်။

အာဆင်နယ်သည် ၂၀၁၃၊ ၂၀၁၄ ရာသီတို့တွင် ဘိုင်ယန်နှင့်ပင် တွေ့ဆုံခဲ့သေးပြီး ယခုတစ်ကြိမ်မှာလည်း ထပ်မံတွေ့ဆုံနေရာ ငါးရာသီအတွင်း သုံးကြိမ်မြောက်တွေ့ဆုံမှုလည်း ဖြစ်လာခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အနေဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရေးအတွက် ခက်ခက်ခဲခဲ ရုန်းကန်ရဖွယ်ရှိကြောင်း သုံးသပ်မှုများရှိနေသော်လည်း ဘိုင်ယန်ဂိုးသမား ရ္ယူအာကမူ ယခုအာဆင်နယ်မှာ ယခင်နှစ်များက အာဆင်နယ်ကထက် ပိုကောင်းသည့် အသင်းဖြစ်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယူရိုပါလီဂ် ၃၂ သင်းရှုံးထွက်ပွဲစဉ်များ မဲခွဲမှုတွင်လည်း ပရီမီယာလီဂ်ကလပ် မန်ယူနှင့် ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုသည် ပေါ့ဘာညီနောင် ဆုံစည်းသည့် ပွဲဖြစ်လာမည်ဖြစ်သဖြင့် သာမန်ထက် အနည်းငယ်ထူးခြားမှုရှိနေသည်ကို တွေ့ရသည်။ ကမ္ဘာ့စံချိန်ရှင် ကစားသမား မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာနှင့် စိန့်အက်တီယန်ကစားသမား ဖလော်ရန်တင်ပေါ့ဘာတို့နှစ်ဦး ပြိုင်ဘက်အနေဖြင့် တွေ့ဆုံမည်ဖြစ်သဖြင့် ယင်းပွဲကို ပေါ့ဘာညီနောင် တွေ့ဆုံပွဲအဖြစ် ကမ္ဘာ့အားကစားမီဒီယာများက အကျယ်တဝင့်ဖော်ပြနေကြသည်။ ပေါလ်ပေါ့ဘာသည် ပြင်သစ်နိုင်ငံ ကိုယ်စားပြု ကစားသမားဘဝကို ရွေးချယ်ခဲ့သော်လည်း ဖလော်ရန်တင်ပေါ့ဘာကမူ အာဖရိကတိုက်နိုင်ငံဖြစ်သည့် ဂိနီနိုင်ငံကို ကိုယ်စားပြုခဲ့သူ ဖြစ်သည်။

ဖလော်ရန်တင်ပေါ့ဘာသည် ပေါလ်ပေါ့ဘာထက် အသက်သုံးနှစ်ကြီးသူဖြစ်ပြီး နှစ်ဦးစလုံးမှာ သက်ဆိုင်ရာကလပ်အသင်းများတွင် ပုံမှန်ပွဲထွက်ခွင့်ရနေသူများဖြစ်ကြရာ သူတို့နှစ်ဦး ပြိုင်ဘက်များအဖြစ် ရင်ဆိုင်ရန် သေချာနေခြင်းဖြစ်သည်။ ဖလော်ရန်တင်သည် ပေါလ်ပေါ့ဘာကဲ့သို့ ကွင်းလယ်နေရာ ကစားသူမဟုတ်ဘဲ နောက်တန်းခံစစ်နေရာတွင် ကစားနေသူဖြစ်သည်။ ဘောလုံးလောကတွင် ဂယ်ရီနဗီးလ်-ဖီးလ်နဗီးလ်၊ ကီဗင်ပရင့်ဘိုတန်- ဂျီရိုမီဘိုတန်၊ ဖရန့်ဒီဘိုးဝါးနှင့် ရိုနယ်လ်ဒီဘိုးဝါးတို့ ပေါ်ပေါက်ခဲ့ပြီးဖြစ်ရာ ပေါ့ဘာညီနောင်သည် နောက်ထပ်ကျော်ကြားလာမည့် ဘောလုံးညီအစ်ကိုဖြစ်သည်။

(ရွှိုင်ယန်ဟေဒင်)

ဘီဘီစီ၏ တစ်နှစ်တာအာဖရိကအကောင်းဆုံးကစားသမားဆု မာရက်ဇ် ဆွတ်ခူး

လက်စတာစီးတီးအသင်းမှ အယ်လ်ဂျီးရီးယားကွင်းလယ်ကစားသမား မာရက်ဇ်သည် ဘီဘီစီ၏ ၂၀၁၆ ခုနှစ် တစ်နှစ်တာ အာဖရိကအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ ပရိသတ်များ၏ မဲပေးရွေးချယ်မှုအရ အခြားသော အာဖရိက ကစားသမားများဖြစ်သည့် အော့ဘာမီယန်၊ အန်ဒရီအေးယူး၊ ဆာဒီယိုမာနေနှင့် ယာယာတိုရေးတို့ကို ကျော်ဖြတ်ကာ မာရက်ဇ်က အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာရက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက လိဂ်ပွဲ ၃၄ ပွဲတွင် သွင်းဂိုး ၁၇ ဂိုး၊ ဂိုးဖန်တီးပေးနိုင်မှု ၁၁ ကြိမ်အထိရှိခဲ့သည့်အပြင် ပရီမီယာလီဂ်ဆုဖလားကိုပါ လက်စတာစီးတီးနှင့်အတူ ရရှိခဲ့ခြင်းကြောင့် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ဆွတ်ခူးထားသူဖြစ်သည်။ မာရက်ဇ်သည် ဘလွန်းဒီအောဆုအတွက် မဲပေးရွေးချယ်ခံခဲ့ရာတွင်လည်း မဲပေးခံရမှု အဆင့်(၇)တွင် ရပ်တည်ခဲ့ပြီး လက်စတာစီးတီးကစားဖော် ဗာဒီမှာ အဆင့်(၈)နေရာတွင် ရပ်တည်ခဲ့ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

စီရိုနယ်လ်ဒို ဘလွန်းဒီအောဆုဆွတ်ခူးခြင်းအပေါ် လူမှုကွန်ရက်များမှတစ်ဆင့် ပရိသတ်များ ဝေဖန်ခဲ့ကြ

၂၀၁၆ ခုနှစ်အတွင်း စီရိုနယ်လ်ဒိုလောက် မည်သည့်ကစားသမားမျှ စွမ်းဆောင်ရည်မကောင်းခဲ့သလို ၂၀၁၆ ခုနှစ် ဘလွန်းဒီအောဆုကို အားလုံးခန့်မှန်းထားသည့်အတိုင်း ရီးယဲလ်တိုက်စစ်မျှူး စီရိုနယ်လ်ဒိုကသာ ဆွတ်ခူးနိုင်ခဲ့သော်လည်း လူမှုကွန်ရက်များမှတစ်ဆင့် ဝေဖန်မှုများကို ကျော်လွှားနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။ ဆယ်စုနှစ်တစ်ခုနီးပါးကြာအောင် စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့ နှစ်ဦးသာရယူထားသည့် ဘလွန်းဒီအောဆုမှာ အလွန်ပြီးငွေ့ဖို့ကောင်းကြောင်း၊ စီရိုနယ်လ်ဒို ရာသီအစ ခြေစွမ်းပိုင်းဆိုးရွားခဲ့ပြီး နောက်ပိုင်းကျမှသာ ပုံမှန်ခြေစွမ်းရလာခြင်းကြောင့် စီရိုနယ်လ်ဒိုထက်စာလျှင် ဘာစီလိုနာတိုက်စစ်မျှူး ဆွာရက်ဇ်ကပင် ပိုမိုထိုက်တန်ကြောင်း စသဖြင့် ပရိသတ်များက တွစ်တာ စာမျက်နှာများပေါ်တွင် သူတို့၏ ထင်မြင်ချက်အမျိုးမျိုးကို ရေးသားခဲ့ကြသည်။ **(ရွှိုင်ယန်ဟေဒင်)**

လွိုင်လင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်က လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားလမ်း ပန်ခေါက်ဟူးကျေးရွာ ဘုန်းကြီးကျောင်းရှေ့တွင် နမ့်စန်မြို့ဘက်မှ လွိုင်လင်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်ယာဉ်ကို ရှာဖွေရာ ခရီးသည် မယားမီးစောထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ နှင့် မနာလုံထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၁၂ ရက်က မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဘုရင့်နောင်နယ်မြေရဲစခန်း၏ မူးယစ်ဆေးဝါးအမှုမှ ကွင်းဆက်တရားခံဇော်ထူး(ခ) ဦးခွားအား မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး OK Smile ဘီယာဆိုင်ရှေ့တွင် အဌားယာဉ်၏ ယာဉ်မောင်းထိုင်ခုံ၌ထိုင်လျက် တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၊ အိုက်စ်ဂရမ် ၁၂၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် တစ်သိန်းတို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

မယားမီးစောနှင့် မနာလုံတို့အား
သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တို့ကမ္ဘာကြီး အစဉ်လှပဖို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

မောင်တောမြို့နယ်၌ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့နယ် စံပယ်ကုန်းကျေးရွာတွင် ယမန်နေ့ညက နေအိမ်နှစ်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။

မောင်တောမြို့နယ် နယ်မြေ(၅) စံပယ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၂ ရက် ည ၁၂ နာရီခွဲခန့်က ဖွေရာဇူလ်၏နေအိမ်မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်ကျွမ်းရာ အနီးရှိ နူရ်ဟူဆောင်း၏ နေအိမ်အား ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် အလျား ၂၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ရှစ်ပေခန့်ရှိ သက်ငယ်မိုး၊ ဝါးထရံကာ မြေစိုက်နေအိမ်နှစ်လုံးဆုံးရှုံးခဲ့သဖြင့် ဖွေရာဇူလ်အား မီးပေါ့ဆမှုဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ခရီးသည်တင်မှန်လုံယာဉ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ၍ လူလေးဦးသေဆုံး

ညောင်တုန်း ဒီဇင်ဘာ ၁၃

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မဲဇလီဒလကျေးရွာအုပ်စု ညောင်ဇောက်ကျေးရွာ၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ခရီးသည်တင်မှန်လုံယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိပြီး ဆိုင်ကယ်မှာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ်အဝေးပြေးကားလမ်းမ မိုင်တိုင်အမှတ်(၂၃/၁)နှင့် (၂၃/၂)အကြားတွင် ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော 'ရဲရင့်ခိုင်' ခရီးသည်တင်မှန်လုံယာဉ်သည် ၎င်းရှေ့တွင်ရှိသော ကျော်မိုးဝင်း(ယူနီဗာဆယ်)ခရီးသည်တင်မှန်လုံယာဉ်အား ကျော်တက်စဉ် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ မောင်းနှင်လာသည့် လော်ဂျားအနက်ရောင်ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိကာ ဆိုင်ကယ်မှာ တိမ်းမှောက်သွားခဲ့ပြီး ဆိုင်ကယ်မောင်းသူနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာကြသော အမျိုးသမီးနှစ်ဦး၊ ခြောက်နှစ်အရွယ်ခန့် ကလေးငယ်တစ်ဦးတို့မှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုတွင် ယာဉ်မဆင်မခြင် မောင်းနှင်သည့် 'ရဲရင့်ခိုင်' ခရီးသည်တင်မှန်လုံယာဉ်မောင်းအား မဲဇလီရဲတပ်ဖွဲ့စခန်းမှ အမြန်ဆုံးစုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(မြန်/ဆက်)

မောင်တောခရိုင် ရသေ့တောင်မြို့နယ်အတွင်း မသက်သာသူခြောက်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၃

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၀ ရက် ညပိုင်းက နတ်မြစ်အတွင်း ကင်းလှည့်စဉ် မသက်သာသူ ခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နတ်မြစ်အတွင်း ကင်းလှည့်စဉ် ဒီဇင်ဘာ ၁၀ ရက် ည ၁၁ နာရီခန့်က ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နှင့် ချိန်ခါလီကျေးရွာအကြား ပင်လယ်ပြင်တွင် စက်လှေတစ်စင်း တွေ့ရှိသဖြင့် စစ်ဆေးရာ စစ်တွေမြို့နယ် သဲချောင်းကျေးရွာနေ ဆော်လိမ်(ခ) နိုရာမက်ပါ ခြောက်ဦးအား ခရီးသွားလာခွင့် အထောက်အထားမပါရှိဘဲ နယ်မြေကျော် ခရီးသွားလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းတို့အား လဝက အက် ပုဒ်မ ၆ (၂)/၆(၃) အရ မောင်တောမြို့နယ် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တစ်ဦးတည်းဖြစ်ကြောင်း
ဘားအံတက္ကသိုလ် စတုတ္ထနှစ် ဓာတုပေဒအထူးပြုမှ မင်းစောနွန်၏ဖခင် ဦးစောထွန်းနှင့် ဦးစောထွန်း(ခ)ဦးဝိုးထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း
ဘားအံတက္ကသိုလ် စတုတ္ထနှစ် ရူပဗေဒအထူးပြုမှ စောကျော်ဝင်းအောင်၏ဖခင် ဦးစောရွှေနစ်နှင့် ဦးစောရွှေနစ်(ခ)ဦးအမြတင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ကြောင်း
ဘားအံတက္ကသိုလ် စတုတ္ထနှစ် အင်္ဂလိပ်စာအထူးပြုမှ နန်းဌေလှိုင်၏ဖခင် ဦးမူးမြားနှင့်ဦးမူးမြား(ခ) မန်းမူးမြတ် (ခ) ဦးမူးမြမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်
ဦးအောင်ကျော်ဝိုး၏ သားမောင်စောနိုးအာမိုး(၇/ပခန(နိုင်)၃၆၁၀၄၃)၏ မွေးသက္ကရာဇ် အမှန်မှာ (၁၅-၆-၁၉၉၆)ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ရမည်းသင်းမြို့နယ်၊ ထ(ခွဲ)၊ လကရ(၃)၊ ပဌမတန်း(က)တွင် ပညာသင်ကြားနေသော မမြိုးဖြိုး စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်အောင်ဆန်းဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးပိုက်ဌေး[၉/ရမသ(နိုင်)၂၁၄၃၀]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ရမည်းသင်းမြို့နယ်၊ ထ(ခွဲ)၊ လကရ(၃)၀ဌမတန်း(ခ)တွင်ပညာသင်ကြားနေသော မနှင်းပွင့်ရတနာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း [၉/ရမသ(နိုင်)၁၀၂၀၄၇] ဖြစ်ပါကြောင်း။

ဖုန်း 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်ပေ်
ကားမျိုးစုံ ငှားရန်ရှိသည်း
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)
သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးအတွက် ကြေညာခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ခုနှစ်၊ သင်းလုံးကျွတ်အစည်းအဝေးတွင် သက်ကြီးပုဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အပူဇော်ခံသက်ကြီးများ(၇၅)နှစ်နှင့်အထက် သက်ကြီးများနှင့် (၂၀၁၅-၂၀၁၆) ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော မြို့နယ်ဖွား သား၊ သမီးများ၏အမည်စာရင်းကို အောက်ပါစည်းကမ်းများနှင့်အညီ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်ကို နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ ရန်ကုန်နယ်နိမိတ်အတွင်းမှ ရသေ့တောင်မြို့နယ်ဖွား ၂၀၁၅၊ ၂၀၁၆ခုနှစ်၊ ဓမ္မာစရိယနှင့်အထက်၊ BA နှင့်အထက်ဘွဲ့ရပုဂ္ဂိုလ်များ၊ ပြင်ပမှအသင်းဝင် ပုဂ္ဂိုလ်များ၊ တစ်နိုင်ငံလုံးအတန်းအသီးသီး၌ (ပ၊ ဒု၊ တ)ရရှိကြသော ပုဂ္ဂိုလ်များသည်အောင်လက်မှတ်မိတ္တူနှင့်ပူးတွဲ၍ ဘဒ္ဒန္တဂုန္ဓာစာရ ဖုန်း-၀၉-၄၅၀၀၁၈၄၀သို့ ပို့ပေးရပါမည်။

၂။ (၇၅)နှစ်နှင့်အထက် သက်ကြီးများအနေဖြင့် မှတ်ပုံတင်မိတ္တူဖြင့် စာရင်းပေးပို့ပါရန်ဖိတ်ခေါ်ပြီး ဂုဏ်ထူးရကျောင်းသားကျောင်းသူများသည် အမှတ်စာရင်းမိတ္တူပါ ပူးတွဲတင်ပြရန်။

၃။ အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် နီးစပ်ရာကော်မတီများထံတွင် စာရင်းပေးပို့နိုင်ပါသည်-

ဦးစံလှမောင်(ဥက္ကဋ္ဌ)	ဖုန်း-၀၉-၂၆၁၂၇၈၂၂၉
ဦးရဲမြင့်(ဒုဥက္ကဋ္ဌ)	ဖုန်း-၀၉-၄၅၅၂၇၀၄၂
ဦးမောင်လှဝင်း(တွဲဖက်အတွင်းရေးမှူး)	ဖုန်း-၀၉-၄၃၁၆၄၂၈၁
ဒေါ်ဒေစီသန်း(ဘဏ္ဍာရေးမှူး)	ဖုန်း-၀၉-၅၀၆၂၈၉၆
ဦးတင်သန်း(စာရင်းစစ်)	ဖုန်း-၀၉-၂၆၁၆၁၂၅၂

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

စည်းစိမ်မင်း 09-444450446, 09-250144709, 09-444887797
ကျိုက်ထီးရိုးဆံတော်ရှင်၊ ဘုရင်းသာကမ်းခြေ (နေ့စဉ်)
ဘားအံဂုဏ်ရာများ၊ ဟော်လမ်ပြင်၊ ကျွဲတော်ရေတံခွန်၊ တောင်ပိုင်းတောင် (နေ့ချင်းပြန်သီးရင့်များ)
ပုဂံ၊ ညောင်ဦး၊ ပဗွေ၊ ပခုက္ကူ (အပတ်စဉ်သောကြာ) တောင်ကြီးအင်းလေးပင်းတယ(အပတ်စဉ်သောကြာ)
မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း ပုံရာ (အပတ်စဉ်သောကြာ)
ထားဝယ်ရှင်ကိုးရွာ၊ မောင်းမကန်ကမ်းခြေ ဟော်လမ်ပြင်ဘုရားများ (အပတ်စဉ်သောကြာ)
အလောင်းတော်ကသဖ+ဌေစက်တော်ဖွင့်ပွဲနှင့်အတူ (အပတ်စဉ်သောကြာ)
ဒီဇင်ဘာ ၁၆၊ ၂၃၊ ၃၀ ကြိုတင် လက်မှတ်များ၀ယ်ယူနိုင်ပါသည်။
ဖြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာ လမ်းမကြီး၊ ၆ တွေ့မှတ်တိုင်အနီး။

Since 1905
ဌေးတနာရှင်
ကျိုက်ထီးရိုး/မြဝတီ-ဘားအံ
ချောင်းသာ/ငွေဆောင်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး
မန္တလေး၊ ပြင်ဦးလွင်/ဟော
တောင်ကြီး၊ အင်းလေး/ကြာ
ထားဝယ်-ရင်ကိုးရင်
01-392704, 09 73017110
09795066657,09785066657

အင်္ဂလိပ်စာ/စကား
အင်္ဂလိပ်စာဂုဏ်ထူးရလိုလျှင် Four Skills နှင့် ကျောင်းစာ၊ အတန်းစုံ၊ ကျောင်းစုံ၊ Teaching +Guide
Ph-01-398316
09-254053453

တစ်ဦးတည်းဖြစ်ပါကြောင်း
ပဖွန်တောင်မြို့နယ် နေဦးစိန်တင်၏ သမီးဖြစ်သူ ဒေါ်ခင်စုစုလှိုင် (ခ)ဒေါ်စုစုခိုင် [၁၂/ပဇတ(နိုင်)၀၀၃၀၄၂] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ခင်စုစုလှိုင်(ခ)ဒေါ်စုစုခိုင်

သွေးသည် အသက်

အင်းဝဘဏ်လီမိတက်၏ ဟုမ္မလင်းဘဏ်ခွဲ အဆောက်အအုံသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်

အင်းဝဘဏ်လီမိတက် ဟုမ္မလင်းဘဏ်ခွဲ

အင်းဝဘဏ်လီမိတက်(ဟုမ္မလင်းဘဏ်ခွဲ)ကို လက်ရှိဖွင့်လှစ်လျက်ရှိသော အဆောက်အအုံအမှတ်(၁၅၄)၊ အကွက်အမှတ်(၉)၊ ခိုင်သဇင်လမ်း၊ ခိုပဲ၀ရပ်၊ ဟုမ္မလင်းမြို့မှ ယခုမြေကွက်အမှတ်(၁၆၇/၁၆၈)တာရိုးတန်း၊ အကွက်အမှတ်(၄)၊နောင်ပကျစ်အရှေ့ရပ်ကွက်၊ ဟုမ္မလင်းမြို့နေရာသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ကြောင်းသိရှိရပါသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ဟုမ္မလင်းဘဏ်ခွဲကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ဟုမ္မလင်းမြို့ဝန်းကျင်ရှိ ပြည်သူလူထုများကို ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ ဘဏ်လုပ်ငန်းများကို ယခုထက်ပိုမို ကောင်းမွန်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန် နေရာသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ဟုမ္မလင်းဘဏ်ခွဲကို ဗဟိုပြု၍ မိတ်ဟောင်း၊ မိတ်သစ်များနှင့် မိဘပြည်သူများအားလုံး ယုံကြည်စိတ်ချစွာနှင့် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရပါသည်။

အင်းဝဘဏ်လီမိတက်

ကြေးတော်ဂေါက်ကွင်းရှိ အသင်းသားများ အသင်းသား လစဉ်ကြေးပေးသွင်းနိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းတွင် အသင်းဝင်ထားသောအသင်းသား (မြန်မာ/နိုင်ငံခြား)အချို့မှာ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ကြေးများပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ သို့ဖြစ်ပါသောကြောင့် မြို့တော်ဂေါက်ကွင်း၏ စည်းမျဉ်းဥပဒေအပိုဒ် (၉)တွင် တစ်နှစ်နှင့်အထက် ပျက်ကွက်သော အသင်းသား(မြန်မာ/နိုင်ငံခြားသား)များအား အသင်းသားအဖြစ်မှ ရပ်စဲမည်ဟုပါရှိပါသဖြင့် ၃၁-၁-၂၀၁၇ရက် နောက်ဆုံးထားပြီး အသင်းသား လစဉ်ကြေးများကို လာရောက်ပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အထွေထွေမန်နေဂျာ
မြို့တော်ဂေါက်ကွင်း

မြို့ကြီးကုန်းကျေးရွာတွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

ကလေး၊ ဒီဇင်ဘာ ၁၃

ကလေးခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ကွင်းဆင်းဟောပြောခြင်း၊ ပြန်/ဆက်ဦးစီးဌာနမှ နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုမှတ်တမ်းဓာတ်ပုံများ ပြသခြင်းတို့ ကို ဒီဇင်ဘာ ၉ ရက်မွန်းလွဲ ၁ နာရီက ကလေးမြို့နယ် သာစည်ကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းသားကျောင်းသူများအသိပညာဗဟုသုတ ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး စာပေ၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားကာ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သန်းထိုက်အောင်က စာဖတ်ပြီး အသိပညာ၊ အတတ်ပညာဗဟုသုတရှိမှသာ အတွေးအခေါ်ရင့်သန်၍ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်သော နိုင်ငံတော်၏ အနာဂတ်သားကောင်း၊ သမီးကောင်းရတနာမျိုးဆက်သစ်ကြယ်ပွင့်လေးများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောပြီးနောက်ပြည်သူများအသိပညာဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များကို ပေးအပ်လျှောဒါန်းခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက အရက်နှင့် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းယာစားခြင်းတို့ကြောင့် ရရှိနိုင်သည့်ရောဂါများ၊ ဓာတုဆိုးဆေးများ၊ ပိုးသတ်ဆေးတို့၏ အန္တရာယ်များအကြောင်း၊ မြန်မာပြည်သည် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်း ကမ္ဘာပေါ်တွင် အဆင့်(၂)နေရာဖြစ်သွားရသည့်အတွက် ယင်းပြဿနာကို တစ်မျိုးသားလုံး လှုပ်ရှားမှုကြီးတစ်ခုအနေဖြင့် တိုက်ဖျက်ရန် စားသောက်ဆိုင်တိုင်း၊ မိသားစုတိုင်း၊ ချက်ပြုတ်ထုတ်လုပ်သူတိုင်း လိုက်နာရမည့်အချက်များအကြောင်းကို အသေးစိတ် ဆွေးနွေးဟောပြောကြကာ အဆိုပါဟောပြောပွဲသို့ သက်ဆိုင်ရာဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျိုးနက်

တံတားဦးမြို့တွင် ရာသီပေါ်ပဲမြစ်များအဖွင့်ဈေးကောင်းလျက်ရှိ

တံတားဦး၊ ဒီဇင်ဘာ ၁၃

တံတားဦးမြို့တွင် ပဲမြစ်များစတင်တူးနေပြီဖြစ်သည်။ ပဲမြစ်အဖွင့်ဈေးကောင်းလျက်ရှိပြီး ပဲမြစ်တောင့်အကြီး တစ်ပိသာလျှင်ငွေကျပ် ၂၀၀၀၊ အလတ်တစ်ပိသာ ငွေကျပ် ၁၅၀၀၊ အသေး တစ်ပိသာငွေကျပ် ၁၀၀၀ နှုန်းဖြင့်ရောင်းချလျက်ရှိသည်။ ပဲမြစ်များကို တံတားဦးမြို့သာလမ်းဘေးတွင်ရောင်းချလျက်ရှိပြီး လမ်းသွားလမ်းလာများ ဝယ်ယူမှုများပြားလျက်ရှိသည်။မန္တလေးမြို့နှင့်အခြားဈေးများကိုလည်း တင်ပို့ရောင်းချလျက်ရှိသည်။ ကုန်းကျသောမိုးကောင်းသောက်ယာမြေများတွင် ပဲမြစ်ကို ဝါဆိုလမှစတင်စိုက်ပျိုးကြသည် ပန်းလောင်မြစ်ဘေးရှိ ယာမြေများကိုမူ မြစ်ရေအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေကိုကြည့်ကာ ဝါခေါင်လကုန် တော်သလင်းလဆန်းပိုင်းတွင် စိုက်ပျိုးကြသည်။ ပဲမြစ်စိုက်ပျိုးမှုတွင် နွေရာသီကတည်းက ထယ်ရေးပြုပြင်မှုများပြုလုပ်ထားရပြီး စိုက်ပျိုးကြရသည်။ မိုးကျလာသည့် အခါတွင် ထယ်ရေးပြင်ပြီးသားယာမြေများကိုထွန်ယက်ပြီး ပေါင်တင်ကာ စိုက်ပျိုးကြသည်။ ပေါင်တစ်ပေါင်အကွာအဝေးမှာ တစ်ပေခန့်ခြားကာပေါင်ပေးကြရသည်။ ပဲမြစ်မျိုးစေ့စိုက်ပျိုးရာတွင် ပေါင်ပေးထားသည့်အပေါ်တွင် တစ်ကျင်းနှင့်တစ်ကျင်း တစ်ထွာခန့်ခွာကာ စိုက်ပျိုးကြသည်။

စိုက်ကျင်းတစ်ကျင်းလျှင် ပဲမြစ်မျိုးစေ့ ငါးစေ့ခန့် စိုက်ပျိုးပေးရသည်။ လက်ဖြင့်ကျင်းယက်ကာ စိုက်ပျိုးပြီးပါက ပေါင်ပေးသည့်ထွန်သွားဖြင့်ပင် ပေါင်မပျက်ထပ်မံဖုံးအုပ်ပေးကြရသည်။ စိုက်ပျိုးပြီးတစ်ပတ်ကျော်တွင် အပင်ပေါက်လာသည်။ အပင်အနည်းငယ်ကြီးသည်နှင့် ပေါင်းမြက်ရှင်းခြင်း၊ ဆေးဖျန်းခြင်းများ ပြုလုပ်ပေးရသည်။ ပဲမြစ်စိုက်ခင်းများမှာ မိုးကို အခြေပြုစိုက်ပျိုးကြရသည်။ ပဲမြစ်တစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးစေ့တစ်တင်းကျော်စိုက်ပျိုးကြရသည်။ ပဲမြစ်မျိုးစေ့တစ်တင်းလျှင် ငွေကျပ်တစ်သိန်းနှုန်းပေးရသည်။ ပဲမြစ်ကောင်းပါက တစ်ဧကလျှင်ပဲမြစ်ပိသာ ၁၅၀၀မှ ၂၀၀၀ပိသာ အထိထွက်သည်။ ပဲမြစ်တစ်ဧကစိုက်ပျိုးစရိတ်မှာ ငွေကျပ်နှစ်သိန်းကျော်ကုန်ကြသည်။ တံတားဦးမြို့နယ်အတွင်းရှိ ပဲမြစ်စိုက်ခင်းများမှာ တန်ဆောင်မုန်းလတွင်ပဲမြစ်များ စတင်ပေါ်လေ့ရှိသည်။ တောင်သူများကမူ ပဲမြစ်သားသီးခူးရောင်းချမှု နည်းပါးသည်။ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် ပဲမြစ်အဖွင့်ဈေးကွက်မှာ တစ်ပိသာငွေကျပ် ၈၅၀ ဖြင့် စတင်ပြီး အပိတ်ဈေးကွက်မှာ တစ်ပိသာ ငွေကျပ် ၄၅၀ ဖြစ်သည်။

လက်ရှိကာလတံတားဦးမြို့တွင် ပဲမြစ်စတင်ပေါ်ချိန် အဖွင့်ဈေးမှာ ပဲမြစ်အတောင့်အကြီး တစ်ပိသာကျပ် ၂၀၀၀ ရသည့်အတွက် အဦးဆုံးပေါ်သည့် ပဲမြစ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

ငါးကင်ခြောက်အမှုန့်များအား အချိုမှုန့်နေရာ၌ ဟင်းခတ်အဖြစ် အစားထိုးသုံးစွဲလာ

မိုးညှင်း၊ ဒီဇင်ဘာ ၁၃

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးလက်ဒေသတွင် ဟင်းချိုမှုန့်အစားကျန်းမာရေးကို အထောက်အကူပြုသည့် ငါးကြင်းသားနှင့် တီလားဗီးယားငါးများကို ငါးခြောက်မှုန့်အဖြစ်ပြုလုပ်ကာ အချိုမှုန့်နေရာတွင် ဟင်းခတ်အဖြစ် အစားထိုးသုံးစွဲလာကြောင်းသိရသည်။

"ရေခဲရိုက်ရက်လွန်ငါးများကို စားသုံးခြင်းမှ အတတ်နိုင်ဆုံး ရှောင်သင့်ပါတယ်။ ဟင်းချိုမှုန့်ကို သုံးစွဲမယ့်အစား ရေရှည်မှာ ကျန်းမာရေးကို အထောက်အကူပြုမယ့် သန့်ရှင်းလတ်ဆတ်တဲ့ ငါးများကို မီးကင်အခြောက်ခံပြီး ရာသီမရွေး အသုံးပြုနိုင်အောင် မီးကင်အခြောက်ခံ အမှုန့်ပြုလုပ်သုံးစွဲခြင်းဖြင့် ကျန်းမာရေးကို များစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်" ဟု ဆယ်မိုင်ကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

"ကျွန်မတို့ရွာမှာ ကျန်းမာရေးအတွက် အထောက်အကူပြုတဲ့ ငါးကင်ငါးခြောက်မှုန့်ကို နေ့စဉ်ဟင်းခတ်စားသုံးခြင်းဖြင့် ဟင်းချိုမှုန့်သုံးစွဲလာမှု တစ်စတစ်စလျော့နည်းလာမှာဖြစ်သလို ငါးကင်ခြောက်များကို ဟင်းချိုမှုန့်အစား သုံးစွဲနိုင်ပါက ဘေးအန္တရာယ်ကင်းဝေးပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါကြောင့် မီးကင်ငါးခြောက်မှုန့်ကို နေ့စဉ်မီးဖိုဆောင်သုံး ဟင်းချက်အသုံးဆောင်အဖြစ်သုံးစွဲကြပါက အန္တရာယ်ကင်းမယ်၊ သက်ရှည်ကျန်းမာလာမယ်၊ ဟင်းချိုမှုန့်သုံးစွဲမှုမှလည်းတစ်စတစ်စလျော့နည်းလာပါလိမ့်မယ်" ဟု ၎င်းက ပြောပြသည်။

ဆယ်မိုင်ကျေးရွာသည် လူဦးရေ ၅၀၀ ခန့်နေထိုင်ပြီး မိုင်ညှင်းမြို့နှင့် ၁၀ မိုင်ဝေးကွာပြီး အများစုမှာ တောင်သူလယ်ယာလုပ်ငန်းလုပ်ကိုင်လျက်ရှိပြီး မိရိုးဖလာ အစဉ်အလာအားဖြင့် ဟင်းချိုမှုန့်များကိုသာသုံးစွဲကြသည်။ ယခုအခါ ဒေသခံအချို့က အချိုမှုန့်အစား သဘာဝငါးကင်ငါးမှုန့်များကို သုံးစွဲလာကြောင်း ၎င်းကပြောသည်။

ဝေ၅စ

HIV/ AIDS ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

တပ်ကုန်း၊ ဒီဇင်ဘာ ၁၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးဆက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် HIV/AIDS ရောဂါကာကွယ် တားဆီးရေးဆိုင်ရာစကားဝိုင်းဆွေးနွေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်က စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ရောဂါဖြစ်ပွားလာပုံအကြောင်း၊ ကာကွယ် တားဆီးရမည့်အကြောင်းရင်းများ၊ ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်မှုခံရပုံအကြောင်း၊ (ART)ဆေးရုံဆောင်ရွက်ပေးမှုအခြေအနေတို့ကို စကားတစ်ဝိုင်းလျှင် ၁၀ ဦးနှုန်းဖြင့် ရှစ်ဝိုင်းပြုလုပ်၍ စကားဝိုင်းမှပြည်သူများနှင့် ကျန်းမာရေး ဆရာ၊ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တို့က အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

ပေါက်မြို့နယ်၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်အသိပညာပေး

ပေါက် ဒီဇင်ဘာ ၁၃

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှ ရဝ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် မှုခင်းဆိုင်ရာအသိပညာပေးပြခန်းယာဉ်ဖြင့်မြို့နယ်အတွင်း ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ပေါက်မြို့နယ်အတွင်း လူစည်ကားရာနေရာများဖြစ်သည့် မြို့မစျေးကြီးတောင်ဘက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၊ အ-ထ-ကကျောင်းရှေ့၊ စည်ပင်သာယာပန်းခြံ၊ ရေပြာကျေးရွာပုသိမ်၊ မုံရွာလမ်းဆုံ အထက်တန်းကျောင်းအနီးတွင် လှည့်လည်ပြသခဲ့သည်။

အဆိုပါယာဉ်သည် ပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများရရှိစေရန်ရည်ရွယ်၍ မှုခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးပိုစတာများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ မှုခင်းအသိပညာပေးယာဉ်ကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့သည်။

ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရွှေ၊ မြို့မစခန်းမှူးဒုရဲမှူးစောကြိုင်၊ ရေပြာနယ်မြေစခန်းမှူး ဒုရဲအုပ်စိုးခိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးစောမြင့်ခိုင်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဥဏ်တိုး (ပေါက်)

မူလွန်(ကွက်သစ်)တွင် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းနှင့် အသိပညာပေးဟောပြောပွဲလုပ်ငန်းကွင်းဆင်းဆောင်ရွက်

မိုင်းဖြတ် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ မူလွန်(ကွက်သစ်)တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အထများ ရရှိစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက် (Mobile Library) နှင့် အသိပညာပေးဟောပြောပွဲလုပ်ငန်းကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက မူလွန်(ကွက်သစ်) ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းအလေ့အထရှိစေရန် စာပေအသိပညာဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ပုံနှင့် စာပေအကြောင်းသိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းဟောပြောပွဲပြီးနောက် ကျောင်းသား၊ ကျောင်းသူများက နိုင်ငံတော်တာဝန်ရှိသူများ၏ တိုင်းကျိုး ပြည်ပြု မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ပြီး (Mobile Library) လုပ်ငန်းဖြင့် တာဝန်ရှိသူများက အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)

သခွားမွှေးကေများစွာ စီးပွားဖြစ်စိုက်ပျိုးခြင်းကြောင့် ဒေသခံများ အလုပ်အကိုင်ရရှိ

မန္တလေး ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကားအဝင်အထွက် ကောင်းမွန်သော နေရာတစ်ဝိုက်တွင် သခွားမွှေးစိုက်ခင်းများစွာ စီးပွားဖြစ်စိုက်ပျိုးထားမှုကို တွေ့မြင်နိုင်သည်။

အမရပူရမြို့နယ်တွင် ရာသီအမီ သခွားမွှေးစိုက်ခင်းများကို ဧကများစွာစီးပွားဖြစ်စနစ်တကျ စတင်စိုက်ပျိုးနေသောစိုက်ခင်းများစွာအကြောင်းနှင့် လုပ်နည်းကိုင်နည်းများကို လေ့လာကြည့်လျှင် စိုက်ခင်းကတော့ ၁၂ ဧကစိုက်ပါတယ်။ သခွားမွှေးစိုက်ဖို့အတွက် ပထမဦးဆုံးမြေပြင်ပေးရပါတယ်။ ထယ်ရေးပြင်ပြီးတာနဲ့ ကိုယ်လိုချင်တဲ့ပေါင်းကို ကိုယ်လိုချင်တဲ့ပုံစံအတိုင်း စိုက်ပေါင်းလုပ်ရပါတယ်။

စိုက်ပေါင်စပြီး ပြင်နေတဲ့ကာလမှာပဲ သခွားမွှေးပျိုးပင်ကို ပျိုးပေးထားရတယ်။ ၁၂ဧကအတွက် ပျိုးပင်တစ်သိန်းခြောက်သောင်းလောက် ပျိုးထားပါတယ်။ ပျိုးသက် ရှစ်ရက်မှ ၁၀ ရက်ကျော်ကြာအောင် စောင့်ပြီး စိုက်ကြရတယ်။ အများစုကတော့ ညနေခင်းပိုင်းမှာ စိုက်ပျိုးကြတယ်။ စိုက်ပြီးတာနဲ့ အပင်ငယ်တဲ့အရွယ်မှာ ရေကိုနံနက်နဲ့ ညနေပိုင်းမှာ လူအင်အားသုံးပြီး လောင်းကြရတယ်။ အပင်စတင်စိုက်ပြီးတာနဲ့ ၄၀ စင်တီမီတာအကွာတိုင်ထောင်ရတယ်။ ရေသွင်း၊ မြေဩဇာကျွေးတာတို့ကို ဂရုတစိုက်လုပ်ပေးရတယ်။ စိုက်ပြီး တစ်လသားအကျော် ငါးတန်အမီ ၄၀ သားမှာ သီးချန်ပေးခြင်းကိုလုပ်ပေးရတယ်။ အသီးချန်တဲ့လုပ်ငန်းမှာ အပင်တစ်ပင်မှာရှိတဲ့ မကောင်းတဲ့အသီးပယ်ပြီး ကောင်းတဲ့အသီးကို ချန်ထားပေးရတယ်။

အသီးချန်ပြီး ရက်ပေါင်း ၄၀ကျော်တာနဲ့ အောင်မြင်ပြီး စျေးကွက်ဝင်တဲ့ သခွားမွှေးသီးတွေကို ခူးဆွတ်နိုင်ပါတယ်။ စိုက်ဧက ၁၂ ဧကအတွက် ဒေသခံအလုပ်သမားများစွာကို နေ့စဉ်အလုပ်ပုံမှန်ပေးထားနိုင်ပါတယ်။ အသီးကိုတော့ ပြည်ပစျေးကွက်တရုတ်ပြည်ကို အဓိကတင်ပို့တယ်။ တင်ပို့တဲ့သခွားမွှေးသီး တစ်ကီလိုဂရမ် အလေးချိန်ရှိတာတွေကို ဂျပ်ဖာတွေနဲ့ထည့်ပြီး တင်ပို့လေ့ရှိသည်။ ပယ်သီးကိုတော့ ပြည်တွင်းစျေးကွက်မှာ ဖြန့်လေ့ရှိကြောင်း သိရသည်။

အမရပူရမြို့နယ်တွင် တောင်သူတစ်ဦးလျှင် သခွားမွှေးစိုက်ခင်းများကို အနည်းဆုံး ငါးဧကမှ ၁၂ ဧကအထိ စီးပွားဖြစ် စိုက်ပျိုးကြသည်ကိုတွေ့ရပြီး စိုက်ခင်းများနှင့် ဆက်စပ်ကာဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိလျက်ရှိကြောင်း သိရသည်။

တိမ်တမန်

ကျောက်ချောလမ်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေး

မောက်မယ် ဒီဇင်ဘာ ၁၃

ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်လျက် ရှိရာတွင် ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ဦးတို့အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၁၄ ဒသမ ၈၃ ဖြင့် ခမ်းရွှေဝါထွန်းကုမ္ပဏီမှ တာဝန်ယူဆောက် လုပ်လျက်ရှိသော ဝမ်စလောင်း-ကဒူးကြီးလမ်း (၂၀) မိုင် အနက်ငါးမိုင် ကျောက်ချောလမ်းခင်းပြီး ကျန် (၁၅) မိုင်မှ ငါးမိုင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းတို့အား အချိန်မီ ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းအရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလမ်းများအား ပြီးစီးသွားပါကနယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေ တိုင်းရင်းသားလုပ်သားပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့ကြပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာမည်ဖြစ်သည်။

နိုင်းမျိုးသန့်(ပြန်/ဆက်)

လူထုဗဟိုပြုစီမံကိန်း (CDD) မှ ကျေးလက်လူထု အကျိုးပြုကွန်ကရစ်လမ်းဖွင့်လှစ်

မိုးညို ဒီဇင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development) မှ ဆောင်ရွက်ပြီးစီးခဲ့သော ကျေးရွာချင်းဆက်နှင့် ကျေးရွာလယ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရှားတောကျွန်းကျေးရွာအုပ်စု ဘိုကုန်းကျေးရွာတွင် ဒီဇင်ဘာ ၁၀ ရက်နံနက် ၉ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ မိုးညိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှာ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါ်နန်းမမမျိုး၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ စီမံကိန်းအဖွဲ့ခေါင်းဆောင် ဒေါ်စုသဲမွန်ထွန်း (ဒုတိယဦးစီးမှူး) နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုနှင့် ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ဘိုကုန်း၊ ဗောဓိကုန်းနှင့် သက္ကယ်ချင်းကုန်းရွာများသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းအရှည်ပေ ၅၂၇၀၊ လမ်းအကျယ် ၇ ပေနှင့် လမ်း ဒု ၅ ဒသမ ၅ ပေဖြင့် ဖောက်လုပ်ထားခြင်းဖြစ်သည်။

ယခု လူထုဗဟိုပြုစီမံကိန်းမှ ဖွင့်လှစ်ခဲ့သော ကွန်ကရစ်လမ်းသည် မိမိတို့ ကျေးရွာများသာမက တခြားသော ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးလက်နေ ပြည်သူများလည်း အားထားသွားလာနိုင်သည့် လမ်းတစ်လမ်းဖြစ်ကြောင်း စီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သူရအောင် (ဖြည်)

ဖရူဆိုမြို့နယ် ကေကောကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၁၃

ဂျပန်အစိုးရနှင့် ပြည်သူများမှ ဆောက်လုပ်လျှပ်ဒါန်းသောကျေးလက်ကျန်းမာရေးဌာန ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ကယားပြည်နယ် ဖရူဆိုမြို့နယ် ကေကောကျေးရွာ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ၊ ဂျပန်သံရုံးကိုယ်စား ဒုတိယအတွင်းဝန် Mr.Keita Iwaseနှင့် ကေကောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအန်းဂျေလိုတို့က အဆောက်အအုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိက အဖွင့်အမှာစကားပြောကြားပြီး ဂျပန်သံရုံးကိုယ်စား ဒုတိယအတွင်းဝန် Mr.Keita Iwase က ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများ ဆောက်လုပ်လျှပ်ဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုအားလည့်ပတ်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား ၂၀၁၄ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အစိုးရနှင့်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကေကောကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာ ၁၅ ရွာမှ တိုင်းရင်းသားပြည်သူ ၂၃၀၀ ကျော်တို့အား ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တပ်ကုန်းမြို့တွင် ၂၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်

တပ်ကုန်း ဒီဇင်ဘာ ၁၃

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်နေ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရန်အတွက် နေပြည်တော်အင်ဂျင်နီယာချုပ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ လမ်းညွှန်မှုဖြင့် အောင်ဇေယျရပ်ကွက် ဦးဘချိုလမ်းနှင့် ဆရာစံလမ်းထောင့်အနီး၌ ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီ ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်လုပ်ငန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်ကစတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာဦးအောင်ဇော်ဇော်မျိုးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အောင်ဇေယျရပ်ကွက်တွင် အိမ်ခြေ ၆၈၂ လူဦးရေ ၃၈၄၅ ဦးနှင့် ယခင် ၂၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံး၊ ၃၁၅ကေဗွီ ထရန်စဖော်မာတစ်လုံး၊ မြဝတီရပ်ကွက်တွင် အိမ်ခြေ ၁၅၀၀၊ လူဦးရေ ၇၅၀၀ နှင့် ယခင် ၂၀၀ ကေဗွီစရန်စဖော်မာတစ်လုံး၊ ၃၁၅ ကေဗွီ ထရန်စဖော်မာနှစ်လုံးတို့ဖြင့် အသုံးပြုလျက်ရှိသည်။

ယခုတည်ဆောက်လျက်ရှိသော ထရန်စဖော်မာဖြင့် အောင်ဇေယျရပ်ကွက်နှင့် မြဝတီရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ပြီး ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

စာသင်ကျောင်းမုန့်စျေးတန်းများတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြော

တောင်သာ ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်စာသင်ကျောင်းမုန့်စျေးတန်းများတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို တောင်သာအခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့် ပြုလုပ်သော အစားအစာများ၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်သော ရောဂါများ၊ စားသုံးသူ အကာကွယ်ပေးရေးဥပဒေပါ အခွင့်အရေးများနှင့် ပတ်သက်သည်များအား ဟောပြောခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအဆင့် (၁) သူနာပြုဆရာမကြီး ဒေါ်ခင်မာသန်းက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် တီဘီရောဂါအကြောင်းကို ဟောပြောခဲ့သည်။

ယင်းနောက် ကျောင်းမုန့်စျေးတန်းတွင် ရောင်းချသော စျေးသည်များ၊ ကျောင်းပတ်ဝန်းကျင်အနီးရှိ ရောင်းချသောမုန့်စျေးဆိုင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာကြီးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပြန်လည်ဆွေးနွေးခဲ့ရာ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

မုန့်ရောင်းချသောစျေးဆိုင်များကို ယခုဆွေးနွေးဟောပြောပွဲပြီးနောက်ပိုင်းတွင် မုန့်စားသုံးသည့် ကလေးသူငယ်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် ရှောင်တခင်စစ်ဆေးသွားမည်ဖြစ်သည်။

ကျော်မျိုးနိုင်(တောင်သာ)

တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

ယခုတစ်ပတ်ထူးခြားအားကစားသတင်းတွေအဖြစ် ဘောလုံးကစားသမားဘဝကနေ အနားယူရင် ဟောလီးဝုဒ်ရုပ်ရှင်လောကကို ပြောင်းမယ်ဆိုတဲ့ စီရိုနယ်လ်ဒို၊ ချယ်လ်ဆီးတစ်သင်းတည်း သိမ်းပိုက်ခဲ့တဲ့ ပရီမီယာလီဂ်တစ်လတာ အကောင်းဆုံးဆုများ၊ အသင်းလိုဂိုနဲ့ ကွင်းအသစ်အမည် ပြောင်းလဲခဲ့ပေမယ့် ၂၀၁၇-၂၀၁၈ ရာသီမှ အသုံးပြုမယ့် အက်သလက်တီကိုမက်ဒရစ်၊ ကိုယ်ဝန်ဆောင်ဇနီးသည်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးပုံစံ အောင်ပွဲခံခဲ့တဲ့ လီဝန်ဒေါစကီး၊ ဂတ်ဘရီးလ်ဂျီးဆပ်ကို ကိုကာကိုလာမသောက်ဖို့ ပိတ်ပင်တားမြစ်ခဲ့တဲ့ ဂွါဒီယိုလာ၊ အဝတ်လဲခန်းမှာ ဘီယာသောက်ရင်း အောင်ပွဲခံခဲ့တဲ့ ဒီယေဂိုကော်စတာ စတဲ့ စတဲ့ ဒီတစ်ပတ်ရဲ့ ထူးခြားအားကစား သတင်းတွေကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။

နိုင်လင်းကြည် စုစည်းရေးသားသည်။

ဘောလုံးကစားသမားဘဝကနေ အနားယူရင် ဟောလီးဝုဒ်ရုပ်ရှင်လောကကို ပြောင်းမယ်ဆိုတဲ့ စီရိုနယ်လ်ဒို

ပေါ်တူဂီစူပါစတားစီရိုနယ်လ်ဒိုဟာ လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အဓိကစားသမားတစ်ဦးအဖြစ် ရှိနေခဲ့ပေမယ့် ဘောလုံးကစားသမားဘဝကနေ အနားယူခဲ့မယ်ဆိုရင်ဖြင့် ဟောလီးဝုဒ်ရုပ်ရှင်လောကရဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ပြောင်းလဲသွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလီဂ်ဖလား၊ ပေါ်တူဂီအသင်းနဲ့အတူ ယူရို ၂၀၁၆ ဆုဖလားတို့ကို ရယူနိုင်ခဲ့တာကြောင့် ဖီဖာက ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်မယ့် ၂၀၁၆ ခုနှစ်ရဲ့ ဘလွန်ဒီအောဆုရရှိလိမ့်မယ်လို့လည်း ရေပန်းစားနေသူတစ်ဦးဖြစ်ပါတယ်။ တကယ်လို့ အဲဒီဆုကို ရရှိခဲ့မယ်ဆိုရင်တော့ စီရိုနယ်လ်ဒိုအတွက် လေးကြိမ်မြောက် ရယူဆွတ်ခူးနိုင်မယ့် ဆုလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးတစ်သင်းတည်း သိမ်းပိုက်ခဲ့တဲ့ ပရီမီယာလီဂ်တစ်လတာ အကောင်းဆုံးဆုများ

ချယ်လ်ဆီးအသင်းဟာ နိုဝင်ဘာလအတွင်းက ကစားခဲ့တဲ့ ပွဲစဉ်တွေမှာ အကောင်းဆုံးရလဒ်တွေ ထွက်ပေါ် ခဲ့တာမို့ အမှတ်ပေးဇယားမှာလည်း ထိပ်ဆုံးကဦးဆောင်ထားနိုင်ခဲ့ပါတယ်။ အဲဒီလို ရလဒ်ပိုင်းကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့တဲ့ နည်းပြကွန်တီဟာ နိုဝင်ဘာတစ်လတာအကောင်းဆုံးနည်းပြဆုကို ရယူဆွတ်ခူးနိုင်ခဲ့သလို ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ကို သွင်းဂိုးတွေနဲ့အတူ အကောင်းဆုံးပုံဖော်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဒီယေဂိုကော်စတာကလည်း အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးအသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ပက်ဒရိုကလည်း စပါးအသင်းနဲ့ ပွဲစဉ်မှာ အထူးခြားဆုံးနဲ့ အလှပဆုံးဂိုးကို သွင်းယူနိုင်ခဲ့တာမို့ နိုဝင်ဘာတစ်လတာပရီမီယာလီဂ်ရဲ့ အကောင်းဆုံးဂိုးသွင်းရှင်ဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

အသင်းလိုဂိုနဲ့ ကွင်းအသစ်အမည် ပြောင်းလဲခဲ့ပေမယ့် ၂၀၁၇-၂၀၁၈ ရာသီမှ အသုံးပြုမယ့် အက်သလက်တီကိုမက်ဒရစ်

အသင်းရဲ့ သမိုင်းမှာ အထိမ်းအမှတ်လိုဂိုပြောင်းလဲရာတွင် ဩင်းခုံမှ တွေ့ဖြစ်ပေါ်ခဲ့တဲ့ အက်သလက်တီကို မက်ဒရစ်အသင်းဟာ လက်ရှိမှာ အသင်းလိုဂိုအသစ်နဲ့ ကွင်းအသစ်အမည်တို့ကို ပြောင်းလဲခဲ့တယ်လို့ ထုတ်ဖော် ပြောကြားခဲ့ပေမယ့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီရောက်မှသာ အသုံးပြုသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ အသင်းရဲ့လိုဂိုကို ပြောင်းခဲ့တဲ့အပြင် နှစ်ပေါင်းများစွာအသုံးပြုခဲ့တဲ့ ဗင်းဆင့်ကယ်လ်ဒါရွန်ဘောလုံးကွင်းကြီးကိုလည်း ဝန်ဒါမက်ထရိုပိုလီတာနိုကွင်းအဖြစ် အမည်ပြောင်းလဲခဲ့တာဖြစ်ပါတယ်။ အဲဒီဘောလုံးကွင်းသစ်ကြီးကိုတော့ အနည်းဆုံး ယူရိုသန်း ၁၀၀ သုံးစွဲသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ကိုယ်ဝန်ဆောင်ဇနီးသည်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးပုံစံ အောင်ပွဲခံခဲ့တဲ့ လီဝန်ဒေါစကီး

ပိုလန်တိုက်စစ်မှူး ရောဘတ်တိုလီဝန်ဒေါစကီးဟာ ဘိုင်ယန်မြူးနစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလီဂ်အုပ်စုအဆင့်ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဂိုးသွင်းပြီးအောင်ပွဲခံတဲ့ အချိန်မှာ လီဝန်ဒေါစကီးအနေနဲ့ သူ့ရဲ့ကိုယ်ဝန်ဆောင်ဇနီးသည်ကို ဂုဏ်ပြုကာ ကိုယ်ဝန်ဆောင်အမျိုးသမီးပုံစံနဲ့ အောင်ပွဲခံခဲ့တာလည်း ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးပုံစံနဲ့ အောင်ပွဲခံခဲ့တာနဲ့ ပတ်သက်ပြီး လီဝန်ဒေါစကီးကတော့ ဇနီးဖြစ်သူအန်နာဟာ အခုကိုယ်ဝန်ဆောင်နေတာဖြစ်လို့ အဲဒီလိုအောင်ပွဲခံခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဇနီးဖြစ်သူ အန်နာအနေနဲ့ကလည်း ပထမဆုံးရင်သွေးကို မျှော်လင့်လျက်ရှိတယ်ဆိုတာကိုလည်း လီဝန်ဒေါစကီးက ပြောခဲ့ပါတယ်။ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ပွဲစဉ်မှာတော့ လီဝန်ဒေါစကီးဟာ ဘိုင်ယန်မြူးနစ်အသင်းအတွက် အလွတ်တည်ကန်ဘောကနေ ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဂတ်ဘရီးလ်ဂျီးဆပ်ကို ကိုကာကိုလာ မသောက်ဖို့ ပိတ်ပင်တားမြစ်ခဲ့တဲ့ နည်းပြဂွါဒီယိုလာ

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာဟာ ဂတ်ဘရီးလ်ဂျီးဆပ်ကို ကိုကာကိုလာမသောက်ဖို့ ပြောခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဖွင့်ဟပြောကြားလာပါတယ်။ ဂတ်ဘရီးလ်ဂျီးဆပ်ဟာ ပယ်မီးရက်စ်အသင်းကနေ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကြေး ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပေမယ့် နွေရာသီတစ်လျှောက်လုံး ဘရာဇီးမြေမှာပဲ ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့တစ်ပတ်ကအသင်းသစ် မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့ပြီး နည်းပြသစ်ဂွါဒီယိုလာနဲ့အတူ မန်ချက်စတာ စားသောက်ဆိုင် 'ဖာဇန်ဒါ' မှာ တွေ့ဆုံခဲ့တဲ့ ညစာစားပွဲတစ်ခုမှာ ကိုကာကိုလာ သောက်နေခဲ့တဲ့ လူငယ်ကစားသမား ဂတ်ဘရီးလ်ဂျီးဆပ်ကို ဂွါဒီယိုလာက ကိုကာကိုလာမသောက်ဖို့ ပိတ်ပင်တားမြစ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီမှာ ကွင်းလယ်ကစားသမား ဖာနန်ဒို၊ ဖာနန်ဒင်ဟိုတို့နဲ့အတူ ရှိနေခဲ့တာပါ။

ဘီယာသောက်ရင်း အောင်ပွဲခံခဲ့တဲ့ ဒီယေဂိုကော်စတာ

ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ ဝက်စ်ဘရွန်းအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်မှာ အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပြီး အဲဒီပွဲစဉ်အပြီး အဝတ်လဲခန်းမှာတော့ ဆင်းဂါးဘီယာသောက်ရင်း အောင်ပွဲခံခဲ့တာပါ။ တိုက်စစ်မှူး ဒီယေဂိုကော်စတာကတော့ ၁၅ ပွဲမှာ ၁၂ ဂိုးအထိသွင်းယူ ပေးနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းအတွက် မရှိမဖြစ်အရေးပါနေတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ လက်ရှိမှာလည်း ပရီမီယာလီဂ်ရဲ့ ဂိုးသွင်းအများဆုံးကစားသမားစာရင်းမှာ ထိပ်ဆုံးကနေရပ်တည် နေတာပါ။ ချယ်လ်ဆီးအသင်းကတော့ ဒီယေဂိုကော်စတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ဝက်စ်ဘရွန်းကို အနိုင်ရရှိခဲ့တာမို့ ပရီမီယာလီဂ်မှာ ကိုးပွဲဆက်နိုင်ပွဲကို ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စိုးပို့လို . . .

ချောင်းသာယာ အပျော်စီးသင်္ဘော

အထူးအစီအစဉ် – (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်

နေ့စဉ် (2:00)နာရီ ကြို၊(3:30)နာရီကမ်းခြေ ပြန်ရောက်/ တနင်္ဂနွေ (9:30)နာရီ ကြို၊(11:00)နာရီကမ်းခြေ ပြန်ရောက်

လက်မှတ်များကို ဥတိုတ်တား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

စုံတွဲများ၊ မိသားစုများနှင့် Group များဘက်က " Promotion Rate" ဖြင့် "ဟော်တော်အရှယ်စားစုံ" ဌားရမ်းနိုင်ပါသည်။

Tours Company များလည်း ဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဗုန်း – 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတိုတ်တားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် – 09 452 955 661 မှ (5) အထိ။

AZ Travels & Tours
ထားဝယ်-ရှင်ဂိုဏ်းရှင်-မောင်းမကန်
* အထူးအဆင့်မြင့်ခရီးစဉ် *
ဟိုတယ် + လေယာဉ်
(23-27 Dec) 280000 KS
09-43178718/-962824040
09-254257922

လင်းရောင်ခြည်
အထူးကုသောဆန်းနှင့် ရောဂါရှာဖွေရေးစင်တာရှေ့
အောက်ပါဝန်ထမ်းများအလိုရှိပါသည်။
၁။ သုနာပြုဆရာမ (Blue Staff) မ(၇)ဦး
၂။ ငွေကိုင် (Cashier) မ(၃)ဦး
၃။ Marketing မ(၈)ဦး
English စာတတ်ကျွမ်းပြီး ဆက်ဆံရေးပြေပြစ်
ကောင်းမွန်ရုပ်ဆင်းတက္ကသိုလ်မှ-ဘွဲ့ရရှိသူဖြစ်ပြီး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံးတစ်နှစ်ရှိရပါမည်
အမှတ်(၉၂)အောက်ကြည်ဖြူမြို့နယ်ပိုင်းလမ်းမကြီးပေါ်ရှိ
ချင်းအစီအစားရပ်ကွက်ကြည်ဖြူမြို့ပတ်ပတ်ပြိုမယ်ရန်ကုန်။
Ph:01-220396,01-218376,09-33886975

(၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ရေနံချောင်း ဒေသကောလိပ် (၁၉၇၇-၁၉၈၂)အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၂၄ရက်(စနေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် ရေနံချောင်းမြို့၊ ရေနံချောင်းဒီဂရီကောလိပ်၊ ပတ္တမြားခန်းမတွင် လည်းကောင်း၊ ညစာစားပွဲကို ညနေ ၆း၀၀နာရီတွင် ရေနံချောင်းမြို့၊ မြို့မဈေးခန်းမတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး၊ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကန်တော့ခံပေးပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်မှ ရေနံချောင်းသို့ ၂၃-၁၂-၂၀၁၆ရက် ည ၈း၀၀နာရီတွင် မော်တော်ယာဉ်များ ရန်ကုန်တက္ကသိုလ်စာတိုက်မှ ထွက်ခွာမည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ၂၃-၁၂-၂၀၁၆ရက် ညနေ ၆း၃၀နာရီထက် နောက်မကျဘဲ စုရပ်ဖြစ်သော ရန်ကုန်တက္ကသိုလ်စာတိုက်သို့ လာရောက်စုဝေးကြပါရန် အကြောင်းကြားအပ်ပါသည်။

လိုက်ပါမည့်သူများသည် အောက်ပါကော်မတီဝင်များထံ ၂၂-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးမြင့်ငြေး	၀၉-၅၁၃၃၁၆၁၄
ဦးလှမြင့်	၀၉-၅၀၂၀၈၀၄
ဒေါ်မြင့်မြင့်ငြေး	၀၉-၇၉၉၉၉၀၈၈၈
ဒေါ်ငြေးငြေးရီ(ဘီကျူး)	၀၉-၇၃၀၀၇၂၀၅
ဦးမင်းသူ	၀၉-၉၆၁၆၂၀၀၀၃
ဦးစိန်မြ	၀၉-၅၅၀၃၆၆၅

STARFISH Education
KAPLAN
Certified Education Provider
No. (3-B), Power Condo, Insein Road, Hledan, Kamaryut Tsp., Yangon, Myanmar
Ph: 09777264230, 09777264231
Website: www.starfishkcep.com.mm

January Intake တန်းခွဲသစ်များအတွက် December 23 ရက်နေ့မတိုင်မီ ကျောင်းအပ်နှံသူများအတွက်
10% Discount

KAPLAN Test Prepration Program
TOEFL® Test Preparation Course
IELTS® Test Preparation Course
SAT® Test Preparation Course
Foundation Course
Mon ~ Fri တန်းခွဲသစ်များ 2-Jan စမည်။
Sat ~ Sun တန်းခွဲသစ်များ 7-Jan စမည်။

General English (4 Skills)
09 799905715
09 253179825
Mon ~ Fri တန်းခွဲသစ်များ 2-Jan စမည်။
Sat ~ Sun တန်းခွဲသစ်များ 7-Jan စမည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊မြေကွက်အမှတ်(၃၈၈)၊ မြေကွက်တည်နေရာအမှတ်(၃၈၈)၊(၁၂၄)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၂ဦး တင်မောင်သက်အမည်ပေါက်၊ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးတင်မောင်သက်(၉) ဦးသက်တင်(၁၂/ဇတထ(နိုင်)၀၁၃၅၈၀)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်ရဲစခန်းထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ကတိ ဝန်ခံချက်နှင့်ဦးတင်မောင်သက်(၉)ဦးသက်တင်ထံမှ SP No. ၈၄၃၈/၂၉-၇-၁၅ မြင့်ရှိသူဦးကျော်အောအော(၁၂/သဃက(နိုင်)၀၀၆၈၁၁၄)မှပါ၀ါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါ၀ါရုပ်သိမ်းခြင်းမရှိသေးကြောင်းကျမ်းကျိန်လွှာတင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားကြင်းဆင်းစိစစ်ရာသွပ်ထရံကာသွပ်မိုး(၁)လုံး (၁၀'×၁၅')ရှိပြီးလျှောက်ထားသူမှကိုယ်တိုင်သောဂျမ့်ပြပါသည်။သို့ပါ၍ SP ရသူဦးကျော်အောအောမှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားလာခင်းနိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါမကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ သစ္စာလမ်းရှိ အကွက်အမှတ်-၆၇(ထောင်ကုန်း)၊ ဦးပိုင်အမှတ်-၄၉၊ မြေရေယာ(၀. ၁၀၅) ကေ အကျယ်အလန်းရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၅)ဟု ခေါ်တွင်သည့် ဆောက်လုပ်ဆဲ(၅)ထပ်တိုက်အိမ် (၂)ခန်းတွဲ၊ စုစုပေါင်း ဆောက်လုပ်ဆဲတိုက်ခန်း(၁၀)ခန်းတို့နှင့်ပတ်သက်၍ ဦးမောင်မောင်ထူး [၁၄/ပသန(နိုင်)၁၆၅၇၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေတိုက်ခန်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်စိမ်းသက်လယ် LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၅၆)
အမှတ်(၁၄၂)၊ မဟာသိမ်တော်ကြီးလမ်း၊ အမှတ်(၃)ရပ်ကွက်၊
ပုသိမ်မြို့၊ ဖုန်း-၀၉-၂၅၄၃၃၃၁

KEMBANGAN - GROUP OF MEDICAL CENTRES
နိုင် ငံ တ ကာ အ ဆင့် မီ အ ရေ ပြား အ လှ အ ပ နှင့် ကျန်း မာ ရေး ဆိုင် ရာ ဝန် ဆောင် မှု များ

CHRISTMAS
အထူး အစီအစဉ်
နပျိုတင်းရင်း မဲ့ခြောက်ကင်းစေရန်
နှင့်
မလိုအပ်သော အမွှေးအမျှင်များကို
ဖယ်ရှားပေးခြင်း
50% OFF တစ်ရက်ထဲသာ
17TH DECEMBER 2016
Hotline : 09 448026197 , 09 795899634
Kembangan Group of Medical Centres
Hotline :09 778527793 , 09 778527794
Kembangan Thuwunna
အမှတ် - ၄၃၉/၄၄၁၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ် - ၃/၃၊ ၂၃ ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏ၊ သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

INSPIRO INSTITUTE
Local Access Point
Anglia Ruskin University, UK မှ ပေးအပ်မည့်
MBA SCHOLARSHIP
အတွက်လျှောက်ထားနိုင်ပါရန်ခေါ်ယူခြင်း

Inspiro Institute တွင် UK နိုင်ငံ Anglia Ruskin University မှ ပေးအပ်မည့် MBA ဘွဲ့အတွက် Scholarshipကိုလျှောက်ထားနိုင်ပါပြီ။

UK MBA Program အတွက် Partial Scholarship အနေဖြင့် program တစ်ခုလုံးအတွက် Full program fees 8000USD အစား USD 5000 (Schoarship 3000 USD) သာ ကျသင့်မည်ဖြစ်ပါသည်။ USD7000 (USD1000 Scholarship) နှင့် USD6000 (USD2000 Scholarship) သာပေးသွင်းရမည့် အစီအစဉ်များလည်းရှိပါသည်။

Total Scholarship စုစုပေါင်း USD14000 အထိသာကန့်သတ်ထားသဖြင့် စောလျှင်စွာလျှောက်ထားသူကိုဦးစွာစဉ်းစားပေးမည်ဖြစ်ပါသည်။

Scholarship ကို အရေးအတွက်ကန့်သတ်ထားပြီး ပညာရေးအရည်အချင်း သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည် နှင့် Program အပေါ်တွင်စိတ်အားထက်သန်မှုပေါ်တွင် မူတည်ပြီးရွေးချယ်မည်ဖြစ်ပါသည်။

လျှောက်ထားရန်အတွက် Scholarship Interview ဖြေဆိုရန်လိုအပ်ပါသည်။ Scholarship Interview အတွက် 09257776667 သို့ဆက်သွယ်ပြီး Register ပြုလုပ်ရန်လိုအပ်ပါသည်။ Interview ပြီးနောက် ၂၄နာရီအတွင်းအကြောင်းပြန်ကြားပေးမည်ဖြစ်ပါသည်။

Scholarship ရရှိသူများသည် အရစ်ကျပေးသွင်းခြင်း။ Student Loan စသည့်အစီအစဉ်များကို လည်းဆက်လက်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

Inspiro Institute မှ ဝန်ထမ်း နှင့် မိသားစုများ ပါဝင်ခွင့်မရှိပါ။ Scholarship Committee ၏ဆုံးဖြတ်ချက်သာလျှင်အတည်ဖြစ်ပါသည်။ လူဦးရေကန့်သတ်ထားပါသဖြင့် အမှန်တကယ်တက်ရောက်လိုသူများသာလျှောက်ထားရန်တိုက်တွန်းအပ်ပါသည်။

စုံစမ်းရန် 09257776667

09257776667
F38 First Floor Pearl Condo Tower A
Bahan, Yangon

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ခင်မာအေး(ဘ) ဦးကြည်အောင်[၇/ဝမန(နိုင်)၀၈၆၇၅၁] အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသည့်တိုက် (၈) အခန်း(၁၈)၊ တော်ဝင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၈၁၆၇)
(တော်ဝင်စင်တာ)၊ အမှတ်(၄၅)၊ ဝုလ္လာ၊ ပြည်လမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၀၉-၄၃၀၈၄၁၅၅၊ ၀၉-၇၉၈၁၀၀၄၆၁၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-၀၊ မြေကွက်အမှတ်-၂၃ ကေ/၁. ၂ မြေကွက်တည်နေရာအမှတ်-၁၃၅K-2 ၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေ (မစိုက်ယိုးမြေ) အမည်ပေါက် ဦးဝင်းလွင်၊ ဒေါ်စန်းစန်းလွင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးဝင်းလွင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းလွင်[၁၂/ဗဟန(နိုင်)၀၄၆၈၅၂]မှ တစ်ဦးတည်သောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဖြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်-၉၅၃(က)၊ ပေ(၂၀×၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဖြိုးလွင်ဆန်း[၆/မမန(နိုင်)၁၃၇၉၂၉]မှ အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုခိုသက်ထား[LL.B,D.B.L,B.D.S(MOFA)]
အထက်တန်းရှေ့နေ(စဉ်-၃၅၈၅၅)
အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၆၃၀၈၅

သင့်သေးဖြင့် အသက်ကယ်ပါ

ZAWTIKA ဝန်ထမ်းအလိုရှိသည်

ဇောတိကအပြည်ပြည်ဆိုင်ရာကုမ္ပဏီလိမိတက်

အမှတ်(၃၇)၊ရေတာရှည်လမ်းပေါက်၊ရွှေတိဂုံတုရားအနီး၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

Phone;01- 8603129, 380578, 09253348646, 09254295043,09420216286

၁။ အကြီးတန်းမန်နေဂျာ (စီမံ)	ကျား/မ (၁)ဦး
၂။ အကြီးတန်းစာရင်းကိုင်	ကျား/မ (၂)ဦး
၃။ အငယ်တန်းစာရင်းကိုင်	ကျား/မ (၂)ဦး
၄။ အထွေထွေစာရင်းကိုင်	ကျား/မ (၃)ဦး
၅။ အကြီးတန်းမန်နေဂျာ (အရောင်း)	ကျား/မ (၃)ဦး
၆။ အငယ်တန်းမန်နေဂျာ (အရောင်း)	ကျား/မ (၅)ဦး
၇။ အရောင်း (ကြီးကြပ်၊ ကျွမ်းကျင်)	ကျား/မ (၃)ဦး
၈။ အရောင်း နှင့် အထွေထွေ	ကျား/မ(၁၀)ဦး
၉။ အရောင်းငွေကိုင် *(Cashier)*	ကျား/မ (၅)ဦး
၁၀။ ဆေးဝါးကျွမ်းကျင်	ကျား/မ (၂)ဦး
၁၁။ စာပေနှင့်စာကြည့်တိုက်ပညာ(ဘွဲ့၊ဒီပလိုမာ)ရရှိသူ	ကျား/မ (၃)ဦး
၁၂။ ပေါင်မုန့်/ကိတ်မုန့်လုပ်ငန်းကျွမ်းကျင်	ကျား/မ (၃)ဦး
၁၃။ ယာဉ်မောင်းကျွမ်းကျင်	ကျား (၂)ဦး
၁၄။ လုံခြုံရေးကျွမ်းကျင်	ကျား/မ (၅)ဦး
၁၅။ အထွေထွေလုပ်သား	ကျား/မ (၅)ဦး
၁၆။ သန့်ရှင်းရေးကျွမ်းကျင်	ကျား/မ (၃)ဦး

(၁) ဇောတိကကုမ္ပဏီသည် ဝန်ထမ်းအင်အား(၈၀၀)ကျော်၏ စွမ်းဆောင်ရည်ဖြင့်အောင်မြင်လျှက်ရှိသော မြန်မာအမျိုးသားပိုင် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

(၂) ဇောတိကကုမ္ပဏီ၏လုပ်ငန်းခွဲများဖြစ်သည့် ဇောတိကသက်နီးပရိကျွေးရာဆိုင်များ၊အထည်ချုပ်စက်ရုံ၊ *TAB Book Centre* ၊နဂါးနီစာအုပ်ဆိုင်၊မြန်မာဘစ်ရှော့ဈေး၀ယ်စင်တာ၊ *Mother Shops, iTAB Apple Store,Converse Fashion, Bread Shops* ဆိုင်များတွင် တာ၀နထမ်းဆောင်ရန်ဖြစ်ပါသည်။

(၃) တစ်နေ့အလုပ် လုပ်ချိန်(၈)နာရီ၊ တစ်ပတ်တစ်ရက်နားရက်၊ လုပ်သက်နှင့် (၁၀)ရက်၊ ရှောင်တခင်ခွင့်(၆)ရက်၊ အများပြည်သူအလုပ်ပိတ်ရက်ခံစားခွင့်၊ မီးဖွားခွင့်၊ ကျန်းမာရေးဆေးခွင့်များနှင့် အလုပ်သမားဥပဒေပါခံစားခွင့်များ အပြင်၊သာလွန်ကောင်းမွန်သောခံစားခွင့်များ။ အလုပ်သမားဥပဒေများ နှင့် အညီအလုပ်ခန့်အပ်ပေးပါသည်။

လျှောက်ထားလိုသူများသည်(၃)လအတွင်းရိုက်ကူးထားသော(1.3"x1.5")လိုင်စင်ကာလာ ဓါတ်ပုံ(၂)ပုံ၊ သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာရေးအထောက်အထားမိတ္တူများ၊ ကိုယ်ရေးအကျဉ်းချုပ်(CV)။ ရပ်ကွက်တွင်းနေထိုင်ကြောင်းထောက်ခံချက်မူရင်းတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မစ၍(၂)ပတ်အတွင်းကုမ္ပဏီရုံးချုပ်တွင် ကုမ္ပဏီမှခန့်အပ်မည့် ရာထူးများအနက် ရာထူးတစ်ခုချင်းစီအတွက် လိုအပ်မည့်အရည်အချင်းကိုက်ညီမည့်ရာထူးအားရွေးချယ်၍ ကိုယ်ရေးရာဇဝင် နှင့် လုပ်ငန်း အတွေ့အကြုံများရေးသားပြီး တစ်ပါတည်းလျှောက်ထားနိုင်ပါသည်။

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

ရန်ကုန်မြို့

ပစ္စည်းအဟောင်းများရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

